http://www.dhammadownload.com

# Buddhism in Modern Life

Dr. ANANDA GURUGE

Dr. K. Sri DHAMMANANDA

# ဗုဒ္ဓဝါဒ နှင့် ခေတ်သစ်ဘဝ

## ဒေါက်တာမင်းတင်မွန်

မြန်မာဘာသာပြန်ဆိုသည်။

ဗုဒ္ဓဝါဒနှင့်ခေတ်သစ်ဘဝ ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com

# ဗုဒ္ဓဝါဒ နှင့် ခေတ်သစ်ဘဝ

# Buddhism in Modern Life

Dr. ANANDA GURUGE

Dr. K. Sri DHAMMANANDA

## ဒေါက်တာမင်းတင်မွန်

မြန်မာဘာသာပြန်ဆိုသည်။

http://www.dhammadownload.com

# Buddhism In Modern Life

Dr. Ananda Guruge
Dr. K. Sri Dhammananda

# ဗုဒ္ဓဝါဒ
# နှင့်
# ခေတ်သစ်ဘဝ

ဒေါက်တာ မင်းတင်မွန်
မြန်မာဘာသာ ပြန်ဆိုသည်။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၃၉/၉၈) (၁)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၈/၉၈) (၆)

○

**ပုံနှိပ်ခြင်း**

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀။

○

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

○

**အတွင်းစာသားနှင့်**
**မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

○

**ကွန်ပျူတာစာစီ**

ခွန်မျိုး၊ ၅၁၃၄၃၅

○

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀

○

တန်ဖိုး ၅၀၀ ကျပ်

http://www.dhammadownload.com

# INTRODUCTION
# မိတ် ဆက် လွှာ

၁၉၈၁ ခုနှစ်အတွင်းက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ နယူး ဆောက်ဝေး တက္ကသိုလ်တွင် အဆင့်မြင့် သုတေသနပညာကို ကျွန် တော်ဆည်းပူးလေ့လာပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာသည့်အခါ ဆစ်ဒနီမြို့၊ ထိုင်းဘုန်းကြီးကျောင်းမှ ကျွန်တော့်အား ဗုဒ္ဓဘာသာ ကျမ်း စာအုပ်အချို့ ပေးလှူလိုက်ပါသည်။ ထိုစာအုပ်များတွင် ဒေါက်တာ အနန္ဒ ဂုရုရေးသားသည့် "Buddhism in Modern Life" (ဗုဒ္ဓဝါဒ နှင့် ခေတ်သစ်ဘဝ) စာအုပ်ငယ် တစ်အုပ်လည်း ပါဝင်ပါသည်။

ဤစာအုပ်ငယ်ကို စင်ကာပူနိုင်ငံမှ Evergreen Buddhist Culture Service က လှူဒါန်းပြီး မလေးရှားနိုင်ငံ Buddhist Missionery Society က Wisdom Series No.21 အဖြစ် ၁၉၈၀ ခုနှစ်တွင် ရိုက်နှိပ်ကြောင်း တွေ့ရှိရပါသည်။

ဤစာအုပ်ငယ်ကို ရေးသားသူ ဒေါက်တာအနန္ဒဂုရုသည်

http://www.dhammadownload.com



သီဟိုဠ်နိုင်ငံသားဖြစ်ပြီး၊ စာပေပါရဂူဘွဲ့ (ဒေါက်တာဘွဲ့) ကို ရရှိထားသူ ဖြစ်သည်။ သူသည် သီဟိုဠ်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွဲဖက် အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနတွင် ပညာရေး ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်များ၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ် တက္ကသိုလ်၌ အာရှလေ့လာရေး ဧည့်ပါမောက္ခအဖြစ်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏ ယူနက်စကိုအဖွဲ့အောက်ရှိ အပြည်ပြည်ဆိုင်ရာ ပညာရေးစီမံကိန်း တက္ကသိုလ်၌လည်းကောင်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ယူနက်စကို ဒေသရုံး၌ ပညာရေးစီမံကိန်း အကြံပေး ပညာရှင်အဖြစ်လည်းကောင်း အမှုထမ်းဆောင်ခဲ့သည်။

ထို့ကြောင့် ဒေါက်တာအနန္ဒဂုရုသည် အရှည်အသွေးနှင့် အတွေ့အကြုံပြည့်ဝသူတစ်ဦးဖြစ်သည့်အပြင် နှစ်ဆယ်ရာစုခေတ်၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးအကြောင်းတို့ကိုလည်း ကောင်းစွာသိနားလည်သူ ဖြစ်၏။ ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းသူတစ်ဦးဖြစ်သဖြင့် ခေတ်သစ် ကမ္ဘာ၌ ဗုဒ္ဓဘာသာ၏ အရေးပါပုံကို သူ ရေးသားဖော်ပြထားသည်မှာလည်း ပညာသားပါ၍ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ သို့ဖြစ်၍ သူ ရေးသားသည့် "Buddhism in Modern Life" ကို မြန်မာ စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်အောင် မူရင်းအတိုင်း တိတိကျကျ မြန်မာပြန်ဆိုပေးလိုက်ပါသည်။

တစ်ဖန် ၁၉၉၆ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုတစ်ခွင် သာသနာပြု ခရီးစဉ်ပြီးမြောက်၍ မြန်မာနိုင်ငံသို့ ကျွန်တော် ပြန်လာသည့်အခါ၌လည်း အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသည့် ဗုဒ္ဓဘာသာအကြောင်း ကျမ်းစာအုပ် အချို့ကို ရရှိလာပါသည်။ ထိုစာအုပ်

http://www.dhammadownload.com



များတွင် ဒေါက်တာ သိရိဓမ္မနန္ဒ ရေးသားသော အလွန်အဖိုးတန်သည့် "What Buddhists Believe" စာအုပ်လည်း ပါဝင်ပါသည်။

ဤစာအုပ်ကို ပထမပုံနှိပ်ပြီးနောက် လေးကြိမ်တိုင်တိုင် ပြန်လည် တည်းဖြတ်ကာ ပုံနှိပ်ထုတ်ဝေခဲ့ရသည်။ ဤစာအုပ်ကို တရုတ်ဘာသာ၊ ကိုးရီးယားဘာသာနှင့် အင်ဒိုနီးရှားဘာသာသို့ ပြန်ဆိုထားပြီး ဖြစ်သည်။ ကျွန်ုပ်တော်ရရှိခဲ့သောစာအုပ်မှာ အမေရိကန်ပြည်ထောင်စု၊ Texas Buddhist Association မှ ပြန်လည်ပုံနှိပ်ပြီး လှူဒါန်းသော စာအုပ်မှ ဖြစ်သည်။

ဒေါက်တာ သိရိဓမ္မနန္ဒသည် သီရိလင်္ကာနှင့် အိန္ဒိယတက္ကသိုလ်များတွင် ဗုဒ္ဓဒဿန၊ ဗုဒ္ဓစာပေ၊ အရှေ့တိုင်း ဘာသာရပ်များကို လေ့လာခဲ့ပြီး ပါရဂူဘွဲ့ ရရှိထားသူ ဖြစ်သည်။ ခေတ်အမြင် ဒဿနအမြင်တို့နှင့် ယှဉ်စပ်၍ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်များစွာကို ရေးသားခဲ့ရာ ထိုစာအုပ်များကို ကမ္ဘာအနှံ့ဖတ်ရှုနေကြပါသည်။ သူ ရေးသားခဲ့သည့် What Buddhists Believe စာအုပ်ထဲမှ "ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ" နှင့် ဆက်စပ်နေသော ရေးသားချက်အချို့ကို မြန်မာဘာသာသို့ ပြန်ဆို၍ ဤစာအုပ်၏ ဒုတိယပိုင်းအဖြစ် ဖော်ပြထားပါသည်။

ဓမ္မမိတ်ဆွေအပေါင်းတို့သည် ခေတ်အမြင်နှင့် ယှဉ်စပ်၍ ရေးသားထားသည့် ဗုဒ္ဓတရားတော်များကို ဖတ်ရှုပြီး ဗဟုသုတသစ်များ တိုးပွားနိုင်ကြပါစေ။

**ဒေါက်တာမင်းတင်မွန်**

http://www.dhammadownload.com

# CONTENTS

## Part One

Introduction
Foreword 8
1. Buddhism in Modern Life 13
2. Can Modern Civilization Survive? 16
3. Buddhism 19
4. A Timeless Doctrine 25
5. Freedom of Thought 31
6. Role of Buddhism 36
7. You are Responsible 42
8. A Way of Life 49
9. Role of Buddhists 65

## Part Two

10. Modern Religion 69
11. Religion in a Scientific Age 74
12. Religion of Freedom 102

http://www.dhammadownload.com

# မာတိကာ

## ပထမပိုင်း


| | | |
|---|---|---|
| | မိတ်ဆက်လွှာ | |
| | စကားဦး | ၈ |
| ၁။ | ခေတ်သစ်ဘဝနှင့် ဗုဒ္ဓဝါဒ | ၁၃ |
| ၂။ | ခေတ်သစ်ယဉ်ကျေးမှု ရှင်သန်ရပ်တည်နိုင်မလား | ၁၆ |
| ၃။ | ဗုဒ္ဓဝါဒ | ၁၉ |
| ၄။ | ကာလကန့်သတ်ချက် မရှိသော တရားတော် | ၂၅ |
| ၅။ | အတွေးအခေါ် လွတ်လပ်မှု | ၃၁ |
| ၆။ | ဗုဒ္ဓဝါဒ၏ အခန်းကဏ္ဍ | ၃၆ |
| ၇။ | သင်သည် တာဝန်ရှိ၏ | ၄၂ |
| ၈။ | ဘဝလမ်းစဉ်တစ်ရပ် | ၄၉ |
| ၉။ | ဗုဒ္ဓဝါဒီများ၏ အခန်းကဏ္ဍ | ၆၅ |


## ဒုတိယပိုင်း


| | | |
|---|---|---|
| ၁၀။ | ခေတ်သစ်ကိုးကွယ်မှု ဘာသာ | ၆၉ |
| ၁၁။ | သိပ္ပံခေတ်မှ ဘာသာတရား | ၇၄ |
| ၁၂။ | လွတ်လပ်မှုရှိသော ဘာသာတရား | ၁၀၂ |

http://www.dhammadownload.com

ပထမပိုင်း

# Buddhism in Modern Life
# ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ

## Foreword
## စကားဦး

The author of this booklet, Dr. Guruge, joined the Ceylon Civil Service in provincial administration and later was appointed as Assistant secretary to the Prime Minister of Ceylon. He was the General Secretary of the Buddhist Council of Ceylon and was entrusted with the Organisation of the 2500$^{th}$ anniversary of Buddhism.

ဤစာအုပ်ငယ်ကို ရေးသားသူ ဒေါက်တာဂုရုသည် သီဟိုဠ်နိုင်ငံ ဝန်ထမ်းတစ်ဦးအဖြစ် တိုင်းအုပ်ချုပ်ရေးတွင် စတင်ထမ်းရွက်

http://www.dhammadownload.com



သည်။ ထို့နောက် သီဟိုဠ်နိုင်ငံ ဝန်ကြီးချုပ်၏ တွဲဖက်အတွင်းရေးမှူး အဖြစ် ခန့်ထားခြင်း ခံရသည်။ သူသည် သီဟိုဠ်နိုင်ငံ ဗုဒ္ဓဘာသာ ကောင်စီ၏ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်ပြီးလျှင် သာသနာ တော် နှစ် ၂၅၀၀ ပြည့်အခမ်းအနားကျင်းပရန် စီမံဆောင်ရွက်ရေး တာ ဝန်ကို ပေးအပ်ခြင်း ခံရသည်။

In 1956 Dr. Guruge was transferred to the Ministry of Education as an assistant secretary and served in various capacities as Deputy Director of Education, Director of Cultural Affairs, Director of National Museums and Senior Assistant Secretary.

၁၉၅၆ ခုနှစ်တွင် ဒေါက်တာဂုရုသည် ပညာရေးဝန်ကြီးဌာန သို့ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့ရပြီးလျှင် ပညာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်များ၏ ညွှန်ကြားရေးမှူးနှင့် အကြီးတန်း တွဲဖက် အတွင်းရေးမှူးတာဝန်အသီးသီးကို ထမ်းရွက်ခဲ့ရသည်။

He served as Visiting Professor of Asian Studies in the State University of New York at Buffalo for a year and later joined Unesco. After a year at the International Institute of Educational Planning in Paris, he served for over three years in New Delhi at the Unesco-sponsored Asian Institute of Educational Planning and Administration and is now the Educational Management Advisor of the Unesco Regional Office for Education in Asia, Bangkok, Thailand.

A)

http://www.dhammadownload.com



သူသည် အမေရိကန်ပြည် ဘတ်ဖဲလိုးမြို့ရှိ နယူးယောက်ပြည်နယ် တက္ကသိုလ်တွင် အာရှလေ့လာရေးဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် တစ်နှစ်ဆောင်ရွက်ပြီးလျှင် ယူနက်စကိုအဖွဲ့၌ တာဝန်ထမ်းရွက်သည်။ ပါရီမြို့တွင် ပညာရေးစီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်၌ တစ်နှစ်တာ တာဝန်ထမ်းရွက်ပြီးနောက် နယူးဒေလီမြို့ရှိ ယူနက်စကို၌ သုံးနှစ်ကျော် တာဝန်ထမ်းရွက်သည်။ ပညာရေးစီမံကိန်းနှင့် အုပ်ချုပ်မှုဆိုင်ရာ အာရှတက္ကသိုလ်ကို ကမကထပြုပြီးလျှင် ယခုအခါ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ယူနက်စကို ဒေသဆိုင်ရာ ပညာရေးရုံးတွင် ပညာရေး အုပ်ချုပ်မှု အကြံပေးအရာရှိအဖြစ် ဆောင်ရွက်လျက်ရှိသည်။

In this booklet Dr. Guruge provides stimulating reading. It discusses in detail the essentials of Buddhism in modern life and brings out vividly the subject in a very lucid form for the benefit of the average layman in search of the Truth.

ဤစာအုပ်ငယ်တွင် ဒေါက်တာဂုရုသည် စိတ်ဝင်စားဖွယ် ဖတ်စရာများကို ရေးသားပေးထားသည်။ ခေတ်သစ်ဘဝတွင် ဗုဒ္ဓဘာသာ၏ လိုအပ်မှုများကို အသေးစိတ်ဆွေးနွေးထားပြီးလျှင် ထိုအကြောင်းအရာကို အမှန်တရားရှာဖွေနေကြသော သာမန်လူသားများ၏ အကျိုးငှာ အလွန် ရှင်းလင်းသော ပုံစံဖြင့် ထင်လင်းစွာ ဖော်ထုတ်ပေးထားသည်။

One sees in the pages of this booklet the work of an intelligent and devoted Buddhist and courageous thinker. The author's approach to the subject is with

http://www.dhammadownload.com



an orientation appropriate to Buddhists as well as to Non-Buddhists. It not only serves to project Buddhism to the world in its proper perspective but also brings into focus the sublime teachings of the Buddha in the way they should be portrayed.

ဤစာအုပ်ငယ်၏ စာမျက်နှာများ၌ ဉာဏ်ထက်မြက်ပြီး ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသူ ရဲဝံ့စွာ တွေးခေါ်တတ်သူတစ်ဦး၏ ကြိုးပမ်းမှုကို တွေ့မြင်ရလိမ့်မည်။ ဤအကြောင်းအရာကို စာရေးသူ၏ ချဉ်းကပ်ပုံသည် ဗုဒ္ဓဘာသာဝင်များကိုသာမက ဗုဒ္ဓဘာသာဝင်မဟုတ်သူများကိုပါ ဤဘာသာရပ်နှင့် အကျွမ်းဝင်စေလိမ့်မည်။ ဤတင်ပြမှုသည် ဗုဒ္ဓဘာသာကို ၎င်း၏ မှန်ကန်သော ပင်ကိုသဘာဝ မြင်ကွင်းအတိုင်း ကမ္ဘာသို့ ထိုးပြနိုင်ရုံမျှမက ဗုဒ္ဓမြတ်စွာ၏ သိမ်မွေ့သည့် သင်ကြားမှုများကို သရုပ်ဖော်တင်ဆက်ထိုက်သော နည်းလမ်းအတိုင်း အများပြည်သူတို့၏ မြင်ကွင်းထဲသို့ ရောက်လာအောင် တင်ဆက်ပေးရာလည်း ရောက်သည်။

In a period of rapid change such as ours even the most critical reader will surely be impressed not only with the wisdom of Buddhism but also with its reasonable and practical application to the lives of all of us today. Religion must best correspond to the contemporary requirements of modern society.

*H.M.A. de Silva*

http://www.dhammadownload.com



ကျွန်ုပ်တို့၏ ခေတ်ကဲ့သို့ လျင်မြန်စွာ ပြောင်းလဲနေသော ကာလတွင် အများဆုံး ဝေဖန်စိစစ်တတ်သည့် စာဖတ်သူပင်လျှင် ဗုဒ္ဓဝါဒ၏ အမြော်အမြင်ကြီးမှုကိုသာမက ယနေ့ ကျွန်ုပ်တို့အားလုံး၏ ဘဝများအတွက် ဗုဒ္ဓဝါဒ၏အကြောင်းအကျိုး ညီညွတ်စွာ လက်တွေ့ အသုံးကျမှုကိုပါ ကေန်အမှန်ပင် အထင်ကြီး လေးစားမိမည်ဖြစ်သည်။

ဘာသာတရားသည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ ပစ္စုပ္ပန် လိုအပ်ချက်များနှင့် အကောင်းဆုံး လိုက်ဖက်ညီညွတ်ရမည်။

အိပ်ချ်၊ အမ်၊ အေ၊ ဒီ ဆီးလဗား

***

http://www.dhammadownload.com

# အခန်း(၁)

## Buddhism in Modern Life

## ခေတ်သစ်ဘဝနှင့် ဗုဒ္ဓဝါဒ

The topic as it stands has several parts to it: What is modern life? What is Buddhism? And what role has Buddhism to play in modern life?

ဤခေါင်းစဉ်တွင် ရင်းတည်ရှိသည့်အတိုင်း အစိတ်အပိုင်း များစွာ ပါရှိသည် – ခေတ်သစ်ဘဝဟူသည် အဘယ်နည်း၊ ဗုဒ္ဓဝါဒဟူသည် အဘယ်နည်း၊ ထို့နောက် ခေတ်သစ်ဘဝတွင် မည်သည့်အခန်းကဏ္ဍမှ ဗုဒ္ဓဝါဒ ပါဝင်ရမည်နည်း။

Modern life in itself is very difficult to define. One might say that modern life is characterized by the fact that the world is getting smaller; that people are having greater access to each other; that

http://www.dhammadownload.com



communication barriers are fast disappearing: that it is possible for one to know what happens everywhere in the world within a short time, and thereby participate in the life of a larger cross-section of the world than one could have ever thought of. That would be one aspect of modern life.

ခေတ်သစ်ဘဝကိုပင်လျှင် အဓိပ္ပာယ်သတ်မှတ်ရသည်မှာ အလွန်ခဲယဉ်းသည်။ ကမ္ဘာကြီးသည် ပို၍သေးငယ်လာသည်၊ လူသားတို့သည် တစ်ဦးနှင့်တစ်ဦး ပို၍ ထိတွေ့လာကြသည်၊ ကူးသန်းဆက်သွယ်မှု၏ အဟန့်အတားများသည် လျင်မြန်စွာ ကွယ်ပျောက်လျက်ရှိသည်၊ ကမ္ဘာ့အရပ်ရပ်၌ ဖြစ်ပျက်မှုများကို အချိန်အနည်းငယ်အတွင်း သိရှိနိုင်သည်၊ ယင်းသို့ဖြင့် တစ်ဦးတစ်ယောက်က ကြံစည်စိတ်ကူးမိသည်ထက် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့အစိတ်အပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ဤသို့ ထူးခြားသော ဝိသေသ လက္ခဏာများဖြင့် ခေတ်သစ်ဘဝကို အဓိပ္ပာယ် ဖော်နိုင်ပေလိမ့်မည်။ ဤကား ခေတ်သစ်ဘဝ၏ ရှုထောင့်တစ်ခုဖြစ်သည်။

Related to that would be modern life understood in terms of science and technology. Man in his attempt to conquer nature, disease, natural barriers, has performed certain feats of a technological complexity which is quite mindboggling. That is another aspect of modern life.

ထိုရှုထောင့်နှင့် ဆက်စပ်နေသော ခေတ်သစ်ဘဝသည် သိပ္ပံနည်းပညာ ရှုထောင့်မှ နားလည်ထားကြသည့်ဘဝပင် ဖြစ်၏။ လူသည်

http://www.dhammadownload.com



သဘာဝကိုလည်းကောင်း၊ ရောဂါနှင့် သဘာဝအဟန့်အတားများကိုလည်းကောင်း အောင်နိုင်ရန် ကြိုးပမ်းရာတွင် အလွန်ဦးနှောက်စားသော စက်မှုနည်းပညာ ရှုပ်ထွေးမှုဖြစ်သည့် စွမ်းဆောင်မှုအချို့ကို လုပ်ဆောင်နိုင်ခဲ့သည်။ ဤသည်လည်း ခေတ်သစ်ဘဝ၏ ရှုထောင့်တစ်ခုဖြစ်သည်။

A third, perhaps a more disturbing aspect of modern life, is that with the world getting closer, communication barriers breaking away, and scientific and technological advance becoming so rapid, we have come face to face with several problems in terms of economic and political rivalry, pollution, population explosion, scarcity of resources and the indiscriminate use of resources that might not be replaced. With these comes a host of other issues which can be plainly labelled as "survival".

ခေတ်သစ်ဘဝ၏ ပို၍အနှောင့်အယှက်ဖြစ်ဖွယ်ရှိသည့် တတိယရှုထောင့်မှာ ကမ္ဘာအရပ်ရပ် ပိုမိုနီးကပ်လာပြီး ကူးသန်းဆက်သွယ်မှု အဟန့်အတားများ ကျိုးပြတ်၍ သိပ္ပံနှင့် နည်းပညာတို့ လျင်မြန်စွာ တိုးတက်လာသည်နှင့်အညီ ကျွန်ုပ်တို့သည် စီးပွားရေးနှင့် နိုင်ငံရေး ပြိုင်ဆိုင်မှုများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လူဦးရေ ပေါက်ကွဲမှု၊ သယံဇာတများ ရှားပါးမှုနှင့် အသစ်တစ်ဖန် မဖြည့်စွမ်းပေးနိုင်သော သယံဇာတများကို လက်လွတ်စပယ် သုံးစွဲမှု ဟူသည့်ပြဿနာများစွာနှင့် ရင်ဆိုင်တိုးလာကြရသည်။ ဤပြဿနာတို့နှင့်အတူ အခြားဆွေးနွေး ငြင်းခုံစရာ အကြောင်းများစွာလည်း ပေါ်ပေါက်လာကြသည်။ ဤအကြောင်းတို့ကို **'အသက်ရှင်ရပ်တည်ရေး'** ဟု ရှင်းလင်းပြတ်သားစွာ တံဆိပ်ခတ်နှိပ်နိုင်သည်။

http://www.dhammadownload.com

# အခန်း (၂)

## Can Modern Civilization Survive?

## ခေတ်သစ်ယဉ်ကျေးမှု ရှင်သန်ရပ်တည်နိုင်မလား

To this one may add also a moral dimension — an ethical question — and ask: "To what extent, in the process of modernization and conquering nature, have we deviated from the ability to conquer ourselves? Has the struggle for survival meant that the modern man has become a slave to selfishness, bound by his own desires and his whims? Have we lost all the things of very special value to human beings such as interpersonal relations, the anxiety to look after the well-being of others, the spirit of being of selfless service to others? Have we lost these?

http://www.dhammadownload.com



တစ်ဖန် ထပ်မံ၍ ကိုယ်ကျင့်တရား အတိုင်းအတာတစ်ခု–လူ့ ကျင့်ဝတ်ဆိုင်ရာ မေးခွန်းတစ်ခု –အနေဖြင့် ဤသို့ ထပ်မေးနိုင်သည်– "ခေတ်မီ တိုးတက်ရေးနှင့် သဘာဝကို အောင်နိုင်ရေး လမ်းစဉ်တွင် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ အောင်နိုင်ရန် စွမ်းရည်မှ မည်မျှအတိုင်းအတာ အထိ ကျွန်ုပ်တို့ သွေဖည်ခဲ့ကြပြီလဲ။ အသက်ရှင်ရပ်တည်ရေးအတွက် ကြိုးပမ်းမှုသည် ခေတ်သစ်လူသားကို အတ္တလွန်ကဲမှု၏ ကျေးကျွန်အ ဖြစ်သို့ ရောက်ရှိစေပြီး သူ၏ ကိုယ်ပိုင်လိုလားတောင့်တမှုများ၊ အမျိုး မျိုးသော ပူဆာနေမှုများနှင့် အတုပ်အနှောင် ခံနေရပြီဆိုသည့် အဓိပ္ပာယ် ကို ဖော်ဆောင်နေပါသလား။ ပုဂ္ဂိုလ်အချင်းချင်း ဆက်သွယ်မှုများ၊ အခြားသူတို့၏ ကောင်းကျိုးချမ်းသာကို ကြည့်ရှုစောင့်ရှောက်ရန် လို လား စိုးရိမ်ကြောင့်ကြမှုနှင့် သူတစ်ပါးတို့ကို ကိုယ်ကျိုးမဲ့ ကူညီရန် စိတ်ဓာတ်ကဲ့သို့သော လူသားတို့အတွက် အထူးတန်ဖိုးရှိကြသည့် အရာ များ အားလုံးကို ကျွန်ုပ်တို့ ဆုံးရှုံးသွားပြီလား။ ကျွန်ုပ်တို့ ဒါတွေကို ဆုံးရှုံးသွားပြီလား။

So when one thinks of modern life one can think in terms of a great degree of optimism and, at the same time, an equal degree of pessimism.

ထို့ကြောင့် ခေတ်သစ်ဘဝကို ကျွန်ုပ်တို့ စဉ်းစားသည့်အခါ အကောင်းဘက်မြင်မှုဖြင့် ကြီးမားသော အတိုင်းအတာတစ်ခုအထိ စဉ်းစားနိုင်သလို အဆိုးဘက်မြင်မှုဖြင့်လည်း တူညီသော အတိုင်း အ တာ အထိ စဉ်းစားနိုင်သည်။

One can be so pleased that we live today at a time when there seems to be nothing that Man cannot conquer. Maybe, there are still some diseases that

http://www.dhammadownload.com



challenge him. Maybe, there are still certain places in the universe where Man would like to be, and still he has not developed his technology to be there. But it appears as if all these are within reach of Man.

ယနေ့ ကျွန်ုပ်တို့နေထိုင်နေရသော အခါကာလသည် လူသားတို့ မအောင်မြင်နိုင်သောအရာဟူ၍ မရှိဟု ထင်ရသောကာလ ဖြစ်သဖြင့် ကျေနပ်အားရစရာ ကောင်းလှပါသည်။ လူသားကို စိန်ခေါ်နေသော ရောဂါအချို့ ရှိကောင်းရှိလိမ့်မည်။ လူသားတို့ သွားရောက်လိုပါသော်လည်း သွားရောက်နိုင်အောင် နည်းပညာများ မဖွံ့ဖြိုးသေးသဖြင့် မသွားရောက်နိုင်သေးသည့် နေရာအချို့လည်း ရှိကောင်း ရှိလိမ့်မည်။ သို့သော် ဤအရာအားလုံးသည် လူသားတို့ လက်လှမ်းမီသည့် အတိုင်းအတာအတွင်း ရှိသည်ဟု ယူဆရသည်။

With this optimism about Man's capacity, comes the pessimistic aspect whether we have, in the process, lost something. Let us keep both of these in mind.

လူသား၏ စွမ်းရည်နှင့် ပတ်သက်၍ ဤသို့ အကောင်းမြင်မှု ရှိခြင်းနှင့်အတူ ယင်းတိုးတက်မှုနည်းစဉ်၌ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာ ဆုံးရှုံးသွားပြီလား ဟူသော အဆိုးမြင် ရှုထောင့်ကလည်း ဒွန်တွဲလျက် ရှိသည်။ ဤအမြင်နှစ်မျိုးလုံးကို ကျွန်ုပ်တို့၏ စိတ်တွင် သိမ်းဆည်းထားပါစို့။ နှစ်ဖက် ဆင်ခြင်စဉ်းစားကြပါစို့။

***

http://www.dhammadownload.com

# အခန်း(၃)

## Buddhism

## ဗုဒ္ဓဝါဒ

Then let us look at what Buddhism is. What do we understand by Buddhism? It can mean many things to many people. To someone it can mean the life of the Buddha; the example that the Buddha and his immediate disciples set—that glorious feat of a man, who stood before men as a man and declared a path of deliverance. This is one kind of Buddhism.

ယခု ဗုဒ္ဓဝါဒဆိုတာ ဘာလဲလို့ သိရအောင် ဆန်းစစ်ကြည့်ကြပါစို့။ ဗုဒ္ဓဝါဒနှင့် ပတ်သက်လို့ ကျွန်ုပ်တို့ ဘာတွေ သိထားကြသလဲ။ ဗုဒ္ဓဝါဒသည် လူအမျိုးမျိုးအတွက် အဓိပ္ပာယ် အထွေထွေ ရှိနိုင်သည်။ အချို့သူတို့အတွက် ဗုဒ္ဓဝါဒသည် ဗုဒ္ဓမြတ်စွာ၏ ဘဝဖြစ်စဉ်၊ ဗုဒ္ဓမြတ်စွာနှင့် သူ၏ အနီးကပ် သာဝကများ ချမှတ်ခဲ့သည့် စံနမူနာ၊ လူသားတို့

http://www.dhammadownload.com



၏ ရှေ့မှောက်၌ လူသားတစ်ယောက်အဖြစ် ရပ်တည်လျက် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးလမ်းစဉ်ကို ချမှတ်ပေးခဲ့သော လူသားတစ်ယောက်၏ ထွန်းတောက် ပြောင်မြောက်သည့် စွမ်းဆောင်မှုဟူ၍ အမျိုးမျိုး အဓိပ္ပာယ်ပေါက်လိမ့်မည်။

To another, Buddhism would mean the massive doctrine as recorded in the Buddhist literature, which indeed is voluminous and contains several thousand pages recording the words of the Buddha. And in it is described a very lofty, abstruse, complex and learned philosophy of life.

အချို့သူတို့က ဗုဒ္ဓဝါဒသည် မြတ်စွာဘုရား၏ စကားတော်များကို မှတ်တမ်းတင်ထားသည့် စာမျက်နှာ ထောင်ပေါင်းများစွာ အတွဲပေါင်း များစွာရှိသည့် ကြီးကျယ် များပြားသော ဗုဒ္ဓစာပေ၌ ပါရှိသော ဗုဒ္ဓတရားတော်ဖြစ်သည်၊ ဤဗုဒ္ဓတရားတော်တွင် အလွန် မြင့်မားသော အလွန်နက်နဲသိမ်မွေ့ ရှုပ်ထွေးလှသော ပညာသား ကြွယ်ဝသည့် ဘဝဒဿနများကို ဖော်ပြထားသည်ဟု နားလည်ကြလိမ့်မည်။

Then based on whatever the Buddha taught, whatever the practices current at the time of the Buddha, there has grown a very rich culture, a culture which has extended to all parts of Asia for over 2500 years, and to which people from various walks of life with various backgrounds from all these countries have made a lasting contribution.

ထို့နောက် မြတ်စွာဘုရားသည် မည်သည့်အရာကို ဟောကြား

http://www.dhammadownload.com



ထားသည်ဖြစ်စေ၊ ဗုဒ္ဓခေတ်တွင် မည်သည့်လက်တွေ့ကျင့်နည်းများ ထွန်းကားခဲ့သည်ဖြစ်စေ၊ ထိုသင်ကြားမှုနှင့် လက်တွေ့ကျင့်နည်းတို့ကို အခြေခံ၍ အလွန်ပြည့်စုံကြွယ်ဝသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းခဲ့သည်ကိုကား မည်သူမျှ မငြင်းနိုင်ချေ။ ထိုယဉ်ကျေးမှုသည် အာရှတိုက်၏ ဒေသအသီးသီးသို့ နှစ်ပေါင်း ၂၅၀၀ ကျော် ပျံ့နှံ့သွားပြီးလျှင် ထို ယဉ် ကျေး မှု အ တွက် ထို တိုင်း နိုင် ငံ အ သီး သီး မှ ကျော ထောက်နောက်ခံအမျိုးမျိုး ရှိကြသော အလွှာအသီးသီးမှ လူအပေါင်းတို့သည် အစွန့်ရှည်စွာ တည်တံ့သော စွမ်းဆောင်မှုများဖြင့် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။

A large number of sects or schools or philosophical systems have evolved and all of them, quite rightly, go under the name of Buddhism.

အရေအတွက် များပြားသော ဂိုဏ်းဂဏများ သို့မဟုတ် ကျောင်းများ သို့မဟုတ် အတွေးအခေါ် စနစ်များသည် တစ်စတစ်စ ပြောင်းလဲတိုးတက်လာကြရာ ဤဂိုဏ်း၊ ကျောင်း၊ စနစ်များအားလုံးသည်ပင် ဗုဒ္ဓဝါဒ၏ အမည်အောက်တွင် နေရာမှန်စွာ ရောက်ရှိသွားကြသည်။

Then comes another definition of Buddhism and that is the kind of ritual that has grown around the doctrine of the Buddha as a result of his teachings and the way of life preached by him, becoming a religion. Whether the Buddha intended it or not, his teachings became a religion, a religion to which people were prepared to hold allegiance and which has its own ritual, organization, and ways, or criteria

http://www.dhammadownload.com



for deciding what is properly done or what is improperly done. Now that is another kind of Buddhism.

ထို့အပြင် ဗုဒ္ဓဝါဒ၏ အခြားအဓိပ္ပာယ် ဖွင့်ဆိုချက်တစ်မျိုး ပေါ်ပေါက်လာသည်၊ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် မြတ်စွာဘုရား တရားတော်၏ အကျိုးဆက်အဖြစ် ဗုဒ္ဓမြတ်စွာ ဟောဖော်ညွှန်ပြခဲ့သည့် ဘဝလမ်းစဉ်အဖြစ် ဗုဒ္ဓမြတ်စွာ၏ တရားတော်ဝန်းကျင်တွင် ရှင်သန်ကြီးထွားလာသော ဘာသာရေးထုံးတမ်းဓလေ့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ကြိုရှယ်ခဲ့သည်ဖြစ်စေ၊ မကြိုရှယ်ခဲ့သည်ဖြစ်စေ၊ သူ၏ သင်ကြားမှုများသည် ကိုးကွယ်ရာ ဘာသာတစ်ခု ဖြစ်လာသည်။ ထိုဘာသာသို့ လူအပေါင်းတို့က သစ္စာခံယူရန် ပြင်ဆင်ထားကြပြီးလျှင် ထိုဘာသာ၌ မိမိ၏ ကိုယ်ပိုင်ထုံးတမ်းဓလေ့များ၊ အဖွဲ့အစည်းများနှင့် ကောင်းမွန်စွာ ပြုလုပ်သည် သို့မဟုတ် မှားယွင်းပြုလုပ်သည်တို့ကို ဆုံးဖြတ်ရန် နည်းလမ်းများ (ဝါ) စံညွှန်းများ ရှိကြသည်။ ဤသည်လည်း ဗုဒ္ဓဝါဒ၏ ထူးခြားသော အသွင်တစ်မျိုး ဖြစ်ပေ၏။

If one were to take each of these aspects separately, and try to examine the impact of what he would call Buddhism on modern life, it would certainly be an enormous task.

အကယ်၍ လူတစ်ယောက်သည် ဗုဒ္ဓဝါဒ၏ အဓိပ္ပာယ် ဖွင့်ဆိုချက် တစ်မျိုးစီကို သီးခြားယူ၍ ဗုဒ္ဓဝါဒဟု သူခေါ်ဆိုမည့်သဘောတရား၏ ခေတ်သစ်ဘဝအပေါ် အကျိုးသက်ရောက်မှုကို စုံစမ်း စစ်ဆေးမည်ဆိုလျှင် အလွန်ကြီးမားသော ဆောင်ရွက်မှုတစ်ရပ်ကို ကေန်မုချ လုပ်ဆောင်ရလိမ့်မည်။

http://www.dhammadownload.com



To me Buddhism is all this. It is the Buddha and his life, the doctrine, the culture that evolves around it, and the ritual that is connected with it.

ကျွန်ုပ်အဖို့တွင် ဗုဒ္ဓဝါဒသည် ဤအရာအားလုံးကို ဆိုလိုသည်- ဗုဒ္ဓမြတ်စွာနှင့် သူ၏ဘဝ၊ သူဟောကြားထားသော တရားတော်၊ ထို တရားတော်ကို အခြေခံ၍ တစ်စတစ်စ ပြောင်းလဲတိုးတက်လာသော ယဉ်ကျေးမှု၊ ၎င်းယဉ်ကျေးမှုနှင့် ဆက်စပ်နေသော ဘာသာရေးဓလေ့ ထုံးတမ်းများအားလုံးတို့သည်ပင် ဗုဒ္ဓဝါဒကို ကိုယ်စားပြုကြ၏။

Once we take this to be one large body of human experiences, distilled in the finest form and presented to us in such a manner that each one of us could select that part which appeals to us, we begin to see the remarkable uniqueness of Buddhism.

ဤအရာသာအားလုံးကို ကျွန်ုပ်တို့သည် အသိမ်မွေ့ဆုံးအသွင် အဖြစ်သို့ ပေါင်းတင်စိစစ်ပြီးလျှင် ကျွန်ုပ်တို့တစ်ဦးစီက မိမိ ကြိုက် နှစ်သက်ရာကို ရွေးချယ်ယူနိုင်သည့် လူသားအတွေ့အကြုံများ၏ အစု အပေါင်းကြီးတစ်ခုအဖြစ် လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓဝါဒ ၏ အံ့ချီးလောက်သော ပြိုင်စံရှားမှုကို စတင်သိမြင်လာမည်ဖြစ်သည်။

During the days of the Buddha himself he used to emphasize this point. One need not be a scholar and learn everything. Buddhism is not like studying a subject like mathematics where you have to learn all your theorems and different methods of working out the various types of problems. If you know the

http://www.dhammadownload.com



fundamentals, the basis, a scholarly detailed study is not an important precursor to practice.

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်အခါကပင်လျှင် မြတ်စွာဘုရားသည် ဤအချက်ကို အလေးအနက် ပြောဆိုတော်မူခဲ့သည်။ လူတစ်ယောက်သည် ပညာရှင်တစ်ယောက်အနေဖြင့် ဗုဒ္ဓဝါဒကို အားလုံး လေ့လာရန် မလို။ ဗုဒ္ဓဘာသာသည် သင်္ချာကဲ့သို့ ဘာသာရပ်တစ်ခု မဟုတ်၊ သင်္ချာတွင် သီအိုရမ်များအားလုံးနှင့် ပုစ္ဆာပုံစံအမျိုးမျိုး၏ တွက်ချက်ဖြေရှင်းနည်းအမျိုးမျိုးတို့ကို လေ့လာရသကဲ့သို့ မဟုတ်။ ဗုဒ္ဓဘာသာ၌ အခြေခံသဘောတရားများ၊ အခြေခံအကြောင်းရင်းများကို သိလျှင် ပညာရှင်ကဲ့သို့ အသေးစိတ်လေ့လာမှုသည် လက်တွေ့ကျင့်ကြံမှု၏ အရေးကြီးသော ရှေ့ပြေး လိုအပ်ချက်တစ်ရပ် မဟုတ်တော့ချေ။

So out of this vast Buddhist culture, religion, or literature, or the vast body of experiences that come to us as Buddhism, each one of us would find that which is relevant to our life, to our type of problems.

သို့ဖြစ်၍ ဤကြီးမားကျယ်ပြောသော ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာ၊ သို့မဟုတ် ဗုဒ္ဓစာပေ၊ သို့မဟုတ် ကျွန်ုပ်တို့ထံသို့ ဗုဒ္ဓဝါဒအဖြစ် ဆင်းသက်လာသည့် ကြီးမားကျယ်ဝန်းသော အတွေ့အကြုံများ အပေါင်းအစုမှ ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ်တို့၏ဘဝ၊ ကျွန်ုပ်တို့၏ ပြဿနာအမျိုးအစားနှင့် ဆီလျော်သော တရားအဆုံးအမကို တွေ့ရှိရပါလိမ့်မည်။

***

http://www.dhammadownload.com

# အခန်း (၄)
## A Timeless Doctrine
## ကာလ ကန့်သတ်ချက်မရှိသော တရားတော်

I have often wondered how Buddhism came to be called *"Akalika"* which means "timeless"—that it exists for all time. The more I see the changes that have taken place in Buddhist culture or religion, the more I see how it keeps on adjusting to the needs of different eras, populations, individuals, the more I see that it has been possible for the Buddha to evolve a message that would remain eternally fresh.

ကျွန်ုပ်သည် ဗုဒ္ဓဝါဒကို အဘယ်သို့လျှင် **'အကာလိက'** ဟု ခေါ်ဆိုရသည်ကို မကြာခဏ အံ့ဩမိခဲ့သည်။ 'အကာလိက' သည် 'ကာလကန့်သတ်ချက်မရှိ'–ခေတ်ကာလအချိန်အားလုံးအတွက် တည်ရှိသည်

http://www.dhammadownload.com



ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓယဉ်ကျေးမှု သို့မဟုတ် ဗုဒ္ဓဘာသာ၌ ပြောင်းလဲမှုများ ဖြစ်လာသည်ကို ကျွန်ုပ် ပို၍ တွေ့ရှိရလေလေ၊ အချိန်ကာလ အမျိုးမျိုး၊ လူဦးရေအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ လိုအပ်ချက်များနှင့်အညီ ဗုဒ္ဓဝါဒ၏ ဆက်ကာဆက်ကာ ညှိချိန်ပြုပြင်နိုင်မှုကို ကျွန်ုပ် တွေ့ရလေလေ ဖြစ်ပြီးလျှင် အစဉ်ထာဝရ ဆန်းသစ်ကာ တည်ရှိနိုင်မည့် တရားတော်ကို မြတ်စွာဘုရားမို့သာလျှင် ဟောကြားနိုင်ပေသည်ဟု ကျွန်ုပ် မြင်သိလာလေလေဖြစ်သည်။

So if Buddhism has an application today and if Buddhism has a place in modern life, it is because of that timeless applicability, emanating from a set of eternal values. To talk of a characteristic of being eternal is a very paradoxical way of presenting or describing a religion which has the principle doctrine of impermanence at the bottom of it.

ထို့ကြောင့် ဗုဒ္ဓဝါဒသည် အကယ်၍ ယနေ့အသုံးကျနေပါသေးလျှင် ခေတ်သစ်ဘဝ၌ နေရာယူနိုင်သေးလျှင် ထာဝရတန်ဖိုးများအစုမှ ပေါ်ထွက်လာသော ထိုကာလကန့်သတ်ချက်မရှိသည့် အသုံးချနိုင်မှုအကြောင်းကြောင့်သာလျှင် ဖြစ်ပေ၏။

မတည်မြဲခြင်း 'အနိစ္စ'ဟူသည့် အခြေခံသဘောတရားကို ၎င်း၏ အခြေအမြစ်အဖြစ် လက်ခံထားသော ဘာသာတစ်ခုကို ထာဝရတည်မြဲသည့် အရည်အသွေးရှိသည်ဟု တင်ပြရခြင်း သို့မဟုတ် ဖော်ပြရခြင်းသည် ရှေ့နောက်မညီဟန်ရှိသော်လည်း မှန်ကန်သည့် အဆိုတစ်ရပ် ဖြစ်ပါသည်။

The characteristic of timelessness comes from

http://www.dhammadownload.com



the fact that it had understood that everything continues, but continues in a flux, in a process of continuing change and evolution.

ကာလကန့်သတ်ချက် မရှိသော ဝိသေသ လက္ခဏာသည် အရာဝတ္ထုတိုင်းက ဆက်လက်ဖြစ်ပေါ်နေမှုမှ ပေါ်ပေါက်လာသည်။ သို့သော် အဆက်မပြတ် ပြောင်းလဲနေသည့် အသွင်ဖြင့် ဆက်လက် ဖြစ်ပေါ်နေသည်၊ အစဉ်အမြဲ ပြောင်းလဲကာ ပြုပြင်တိုးတက်နေသည့် နည်းစဉ်အရ ဆက်ဖြစ်နေသည်ဟူသောအချက်မှ ဆင်းသက်လာခြင်း ဖြစ်သည်။

Thus Buddhism was able to adjust to different times and civilizations. We can therefore without any hesitation approach any aspect of Buddhism as something relevant and applicable to us today.

သို့ဖြစ်၍ ဗုဒ္ဓဝါဒသည် အချိန်ကာလအမျိုးမျိုး၊ ယဉ်ကျေးမှုအမျိုးမျိုးတို့နှင့် လိုက်လျောညီထွေ ပြုပြင်ချိန်ညှိနိုင်စွမ်း ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ယနေ့ ကျွန်ုပ်တို့အတွက် ဆီလျော်အောင် အသုံးချနိုင်သည့် သဘောတရားအဖြစ် တွန့်ဆုတ်ခြင်းမရှိဘဲ ဆွဲယူအသုံးပြုနိုင်ပါသည်။

What are these elements that make Buddhism timeless? Let me take just a few of them. First of these would be the recognition of the responsibility of the individual. The Buddha is one of the most remarkable religious teachers who emancipated man from all bonds — bonds of supernatural ties,

http://www.dhammadownload.com



a Godhead, a creation, sin or any other characteristic that you inherit from anyone else (other than whatever you yourself have done).

ဗုဒ္ဓဝါဒကို ကာလ ကန့်သတ်ချက်မှ လွတ်မြောက်အောင် ပြုလုပ်ပေးသည့် အရင်းခံသဘောတရားများကား အဘယ်နည်း။ ၎င်းတို့အနက် အနည်းအကျဉ်းကိုသာ ကျွန်ုပ်ဆွေးနွေးပါရစေ။ ပထမ အခြေခံ သဘောမှာ ပုဂ္ဂိုလ်တစ်ဦးစီ၏ တာဝန်ရှိမှုကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် အထူးခြားဆုံးသော ဘာသာရေးဆရာတစ်ဦးဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် လူသားကို အနှောင်အဖွဲ့ အားလုံးမှ လွတ်မြောက်စေသည်။ မည်သို့သော အနှောင်အဖွဲ့များဖြစ်သနည်းဟူမူ သဘာဝလွန် အနှောင်အဖွဲ့များ၊ ဖန်ဆင်းရှင်ဘုရားသခင်ကို ယုံကြည်သော အနှောင်အဖွဲ့၊ ဖန်ဆင်းသည်ကို ယုံကြည်သောအနှောင်အဖွဲ့၊ ဖန်ဆင်းရှင်ကို ပစ်မှားသည်ဟူသော အနှောင်အဖွဲ့ သို့မဟုတ် အခြားသူတို့ထံမှ အမွေခံ ရရှိသည့် အခြားသော ဝိသေသ လက္ခဏာများ (သင်ကိုယ်တိုင် ပြုလုပ်ခဲ့သော အမှုများမှတစ်ပါး) တို့ကို ယုံကြည်သော အနှောင်အဖွဲ့တို့ပင်တည်း။

So when the Buddha says that each person is his own master, he promulgates a principle whose applicability becomes stronger as Man begins to get more and more confidence in the control of himself and the environment.

ထို့ကြောင့် မြတ်စွာဘုရားက ပုဂ္ဂိုလ်တစ်ဦးစီသည် သူ၏ ကိုယ်ပိုင် အရှင်သခင်ဖြစ်သည်ဟု မိန့်ဆိုသည့်အခါ သူသည် သဘောတရားတစ်ခုကို ကြေညာလိုက်ခြင်း ဖြစ်သည်။ လူသားက သူနှင့် ပတ်ဝန်း

http://www.dhammadownload.com



ကျင်ကို ထိန်းချုပ်ရန် ယုံကြည်မှု ပို၍ပို၍ စတင်ရရှိလာသည်နှင့်အမျှ ထိုသဘောတရားသည်လည်း လက်တွေ့အရ ပို၍ အားကောင်းလာသည်။

So if, today, with scientific and technological development, Man feels that he has come to a point where his own intellect makes him superior to anybody else or makes him able to solve any problem that he has, whether physical or ethical or political or whatever, would not the principle that man is the master of himself – that he has to be responsible to himself because whatever he does he inherits – become one of the most important ways of looking at himself?

သို့အတွက် အကယ်၍ ယနေ့တွင် သိပ္ပံနှင့် နည်းပညာတို့ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လူသည် သူ၏ ကိုယ်ပိုင်အသိဉာဏ်က သူ့အား အခြားသူတို့အားလုံးထက် ပို၍သာလွန်စေသည်၊ သို့မဟုတ် သူ၏ ကိုယ်ပိုင် အသိဉာဏ်က သူ့အား ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ သို့မဟုတ် မည်သည့်အရေးကိစ္စနှင့်မဆို သက်ဆိုင်သော မည်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်စွမ်းရှိစေသည်ဟု ခံစားလာရသဖြင့် လူသည် သူ၏ အရှင်သခင်ဖြစ်သည်ဟူသော သဘောတရား–သူ ဘာပဲလုပ်လုပ် သူလုပ်သည်ကို အမွေခံရရာ သူသည် သူ့အတွက် တာဝန်ရှိသည်ဟူသော သဘောတရား – သည် သူ့ကို ကြည့်ရှု စစ်ဆေးရန် အရေးကြီးဆုံးသော နည်းတစ်ခု ဖြစ်မလာပြီလော။

http://www.dhammadownload.com



So this fundamental approach to making man free from all bondages, spiritual and otherwise, is one of those very important doctrines of Buddhism that have contributed to its timelessness.

သို့ဖြစ်၍ လူသားအား စိတ်ပိုင်းဆိုင်ရာအနှောင်အဖွဲ့နှင့် အခြားသော အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်စေသည့် ဤအခြေခံ ကျသော ချဉ်းကပ်မှုသည် ဗုဒ္ဓဝါဒအား အချိန်ကာလ အကန့်အသတ်မဲ့ ဖြစ်ရန် ကူညီထောက်ပံ့ပေးသော ဗုဒ္ဓဝါဒ၏ အလွန်အရေးကြီးသည့် သဘောတရားတစ်ခု ဖြစ်ပေ၏။

As we advance, as greater progress is made by Man, there will be the greater need for him to assert that he is the master of himself. The more he asserts himself to be the master of himself, the more is he reiterating the Buddha's own statement: *"Atta hi attano nātho."*

ကျွန်ုပ်တို့ ရှေ့သို့ချီတက်နေစဉ် လူသားက ပို၍ကြီးကျယ်သော တိုးတက်မှုကို စွမ်းဆောင်နိုင်နေစဉ်အခါ၌ သူ့အဖို့ရာ သူသည် သူ၏ အရှင်သခင်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုရန် ပို၍လိုအပ်လာလိမ့်မည်။ သူသည် သူ၏အရှင်သခင်ဖြစ်သည်ကို သူပို၍ အခိုင်အမာ ပြောဆိုနိုင်လေလေ 'အတ္တာဟိ အတ္တနော နာထော' (မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်သည်) ဟူသော မြတ်စွာဘုရား၏ အဆိုအမိန့်ကို ပို၍ ထုတ်ဖော်ပြောဆိုရာ ရောက်လေလေဖြစ်သည်။

***

http://www.dhammadownload.com

# အခန်း (၅)

## Freedom of Thought

## အတွေးအခေါ် လွတ်လပ်မှု

Then comes another equally important doctrine. The doctrine of open-mindedness – the liberty of thinking. Buddhism not only frees us from a godhead or supernatural ties but also liberates mankind from dogma.

ထို့နောက် အညီအမျှအရေးကြီးသော အခြားသဘောတရားတစ်ခု လာရှိသည်၊ ယင်းကား သဘောထား ပွင့်လင်းကျယ်ပြန့်ခြင်းသဘောတရား (ဝါ) တွေးခေါ်ဆင်ခြင်ခြင်း၏ လွတ်လပ်မှုဖြစ်သည်။ ဗုဒ္ဓဝါဒသည် ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ဘုရားသခင် သို့မဟုတ် သဘာဝလွန် အနှောင်အဖွဲ့များမှ လွတ်မြောက်စေသည်သာမက လူသားအား တရားသေ အယူဝါဒမှလည်း လွတ်မြောက်စေ၏။

http://www.dhammadownload.com



Let us visualize the time when the Buddha was preaching. It was a time when various religious teachings were in a ferment and India of the 6th century B.C. was one of the most interesting places that one would like to be in. Religious teachers propounding various types of doctrines were vying with each other to have more and more converts.

မြတ်စွာဘုရား တရားဟောနေသော အချိန် ခေတ်ကာလကို ကျွန်ုပ်တို့ အာရုံယူကြည့်ကြပါစို့။ ထိုအချိန်သည် ဘာသာရေး သင်ကြားမှု အမျိုးမျိုးတို့က လှုပ်ရှားနိုးကြားနေသည့်အခါ ဖြစ်၍ ဘီ–စီ ခြောက်ရာစု အိန္ဒိယနိုင်ငံသည် လူသားတစ်ယောက် နေထိုင်ချင်စဖွယ် စိတ်ဝင်စားစဖွယ် အကောင်းဆုံး နေရာဒေသများအနက် တစ်ခုဖြစ်ပေသည်။ တရားဒေသနာ အမျိုးအစား အမျိုးမျိုးကို ဟောပြောနေကြသော ဘာသာရေးဆရာများသည် မိမိဘာသာသို့ ကူးပြောင်းလာသူ များများ ရအောင် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်နေကြသည်၊ တရားအမျိုးမျိုး လှည့်လည်ဟောပြောနေကြသည်။

Besides these new teachings, there were religious systems that were deep rooted. In all these religious systems, the theory was: "We have found a way." "This is the correct path". "You come, you will be saved."

ဤဆန်းသစ်သော သင်ကြားမှုများအပြင် နက်ရှိုင်းစွာ အမြစ်စွဲနေကြသည့် ဘာသာရေးစနစ်များလည်း ရှိကြသည်။ ဤဘာသာရေး စနစ်များအားလုံး၏ သီအိုရီသဘောတရားမှာ "ကျွန်ုပ်တို့ နည်းလမ်း

http://www.dhammadownload.com



တစ်ခု တွေ့ရှိပြီ”၊ “ဒီနည်းလမ်းဟာ လမ်းမှန်ပဲ”၊ “သင်လာပါ၊ သင် ကယ်တင်ခြင်း ခံရလိမ့်မည်”ဟု ဖြစ်ပေ၏။

Into their midst comes the Buddha who says: "Do not believe what your book says. Do not believe what your teachers would say. Do not believe what your tradition says. Do not take anything merely because it comes to you with the authority of somebody else. Make it a personal experience. Think for yourself. Be convinced. And once you are convinced, act accordingly."

ဤသူတို့အကြားတွင် မြတ်စွာဘုရား ပေါ်ပေါက်လာပြီး ဤသို့ မိန့်ဆို၏ – “သင်တို့၏ စာအုပ်ပြောတာကို မယုံကြည်ပါနှင့်၊ သင်တို့၏ ဆရာများ ပြောဆိုကြသော စကားများကိုလည်း မယုံကြည်ကြနှင့်၊ သင်တို့၏ အစဉ်အလာ ပြောဆိုချက်များကိုလည်း မယုံကြည်ပါနှင့်၊ တစ်စုံတစ်ယောက်သောသူ၏ အမိန့်အာဏာနှင့် သင့်ထံ ရောက်လာရုံမျှဖြင့်လည်း တစ်စုံတစ်ရာကို လက်ခံမယူပါနှင့်၊ ထိုတစ်စုံတစ်ရာကို သင်၏ ကိုယ်ပိုင်အတွေ့အကြုံဖြစ်အောင် ပြုလုပ်ပါ၊ သင့်အတွက် သင် ဆင်ခြင် စဉ်းစားပါ၊ မှန်ကန်ကြောင်း သင်ယုံကြည်စိတ်ချသည်အထိ ပြုကျင့်ပါ၊ မှန်ကြောင်း သင်ယုံကြည်စိတ်ချလာသည့်အခါ ထိုနည်းလမ်းအတိုင်း ပြုမူပါ”။

Now this was a very refreshing manner in which man was given one of the greatest freedoms that he is fighting for, the freedom to think for himself. And this again is a doctrine or a principle, that gains for

http://www.dhammadownload.com



Buddhism its timeliness, that gains in its relevance to the times as mankind advances.

ဤသည်ကား လူသားအား သူရရှိရန် တိုက်ပွဲဝင်နေသည့် အကြီးကျယ်ဆုံး လွတ်လပ်ခွင့်များအနက် တစ်ခုဖြစ်သော သူ့အတွက် သူ ဆင်ခြင်စဉ်းစားနိုင်သည့် လွတ်လပ်မှုကို အလွန်အားသစ်လောင်းစေသည့် နည်းလမ်းဖြင့် သူ့အား ပေးအပ်လိုက်ခြင်း ဖြစ်ပေ၏။ တစ်ဖန် ဤသည်လည်း ဗုဒ္ဓဝါဒအား ကာလကန့်သတ်ချက်မှ လွတ်မြောက်ခြင်းကို ရရှိစေသော သဘောတရားတစ်ခု ဖြစ်၏။ လူသားတို့ရှေ့သို့ တိုးတက်စဉ်အချိန်ကာလ အားလုံးနှင့် ဗုဒ္ဓဝါဒကို လိုက်ဖက်ညီကာ ခေတ်မီစေသော တရားလည်း ဖြစ်ပေ၏။

If under feudalism, if before the present advances were made, we were not able to assert so much our right to think for ourselves, as these advances take place we will be asserting that right more and more. We will be wanting to feel that we try to be convinced, after our own investigations, after we have been able to go through the principles, the facts, the pros and cons. This we consider an inviolable right. This is the second doctrine, whose applicability to modern times, and future times, would continue.

အကယ်၍ မြေရှင်ပဒေသရာဇ်စနစ်အောက်၌ ရှိနေမည်ဆိုလျှင် အကယ်၍ လက်ရှိတိုးတက်မှုများ မဖြစ်ပေါ်မီအခါကဆိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွက် ဆင်ခြင်စဉ်းစားနိုင်သည့် အခွင့်အရေးကို ယခုလောက် များများစားစား ခိုင်ခိုင်မာမာ ပြောဆိုနိုင်စွမ်း ရှိလိမ့်မည်

http://www.dhammadownload.com



မဟုတ်ပေ။ ဤတိုးတက်မှုများ ဖြစ်ပေါ်လာသည်နှင့်အမျှ ထိုအခွင့်အရေးကို ကျွန်ုပ်တို့ ပို၍ပို၍ ပြောဆိုနိုင်လိမ့်မည်။ ကျွန်ုပ်တို့ကိုယ်တိုင် အမှားနှင့်အမှန် စူးစမ်းလေ့လာဆင်ခြင်သုံးသပ်ခွင့် ရပြီးသည့်နောက်၌ ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချမှုရအောင် ကြိုးပမ်းခဲ့သည်ဟု ခံစားချင်ပေလိမ့်မည်။ ဤစိတ်လွတ်လပ်ခွင့်ကို မချိုးဖောက်ထိုက်သည့် အခွင့်အရေးဟု ကျွန်ုပ်တို့ ယူဆသည်။

ဤသည်ကား ခေတ်သစ်နှင့် အနာဂတ်ခေတ်များတွင် အသုံးချမှု ဆက်လက်ရှိနေသည့် ဒုတိယသဘောတရား ဖြစ်ပေ၏။

***

http://www.dhammadownload.com

# အခန်း (၆)

## Role of Buddhism

## ဗုဒ္ဓဝါဒ၏ အခန်းကဏ္ဍ

Then comes the most important question — apart from supporting what Man will want to assert for himself today and in the future, has Buddhism a corrective role to play? With this question comes the most important aspect to which all of us should pay a fair amount of attention today.

ထို့နောက် အရေးအကြီးဆုံးသော မေးခွန်း ပေါ်လာပါသည်။ ယနေ့နှင့် အနာဂတ်တွင် လူသည် သူ့အတွက် ခိုင်ခိုင်မာမာ ဘာပြောဆိုလိုသည်ကို ထောက်ခံပေးရုံအပြင် ဗုဒ္ဓဝါဒသည် မှန်အောင်ပြုပြင်ပေးနိုင်စွမ်းရှိသည့် အခန်းကဏ္ဍတစ်ခုကို ရှုက်ဆောင်နိုင်လိမ့်မည်လား။ ဤမေးခွန်းနှင့်အတူ ယနေ့ ကျွန်ုပ်တို့အားလုံး သင့်တင့်မျှတသော

http://www.dhammadownload.com



အတိုင်းအတာဖြင့် ဂရုမူထိုက်သည့် အရေးအကြီးဆုံးသော မြင်ကွင်း တစ်ခု ပေါ်ပေါက်လာပါသည်။

While man is making all these advances, we also find that the pressure of modern life – the rivalry for survival, the rivalry for doing better than the other, the desire to live a life of competition economically, politically, culturally, or in whatever form—has brought in tensions.

ဤတိုးတက်မှုအားလုံးကို လူသားက စွမ်းဆောင်နေစဉ် ခေတ်သစ် ဘဝ၏ ဖိအားဖြစ်သော အသက်ရှင်သန်ကျန်ရစ်ရေးအတွက် ပြိုင်ဆိုင်မှု၊ သူတစ်ပါးထက် ပို၍ကောင်းမွန်အောင် လုပ်ဆောင်ရန် ပြိုင်ဆိုင်မှု၊ စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ သို့မဟုတ် မည်သည့်ပုံစံဖြင့်ဖြစ်စေ ယှဉ်ပြိုင်နေရသည့်ဘဝကို နေထိုင်လိုသော ဆန္ဒတို့ကြောင့် စိတ်တင်းကျပ်မှု (ဝါ) စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေ၏။

In order to relieve these tensions Man has evolved more and more recreations and relaxations. They apparently result in slight relaxation of the tensions but seem to take people more and more into a vicious circle.

ဤစိတ်တင်းကျပ်မှုများကို သက်သာရာရစေရန်အတွက် လူသည် အပန်းဖြေခြင်းများနှင့် စိတ်ပြေလျော့ခြင်းများကိုစွတို့ကို ပို၍ပို၍ ပြောင်းလဲတိုးတက်စေခဲ့ပါသည်။ ဤအရာတို့သည် စိတ်တင်းကျပ်မှုကို အနည်းငယ် ပြေလျော့စေသော အကျိုးကို ဖြစ်ပေါ်စေသည်

http://www.dhammadownload.com



ဟု ထင်ရသော်လည်း ၎င်းတို့သည် လူအပေါင်းကို ဆိုးညစ်သည့် ဝဲဂယက်သံသရာအတွင်းသို့ ပို၍ပို၍ ကျဆင်းလည်ပတ်စေရန်ရှိသည်။

Because of the tensions, one engages one's self in a variety of escapist activities, and because these escapist activities take too much time, one has to catch up with the process of survival, and then lose one's self in a worse period of tremendous tension. The greater the economic progress, the greater the political enlightenment, the more the people need sedatives and tranquilizers to keep themselves doing their normal duties. You have to take one pill to keep awake, one pill to get to bed, one pill to relax and so on.

စိတ်တင်းကျပ်မှု ဟူသော အကြောင်းကြောင့် လူတစ်ဦးစီသည် မိမိကိုယ်ကို ယုတ္တိလောကမှ လွတ်မြောက်စေရေး လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်စေပါသည်။ ဤယုတ္တိလောကမှ လွတ်မြောက်ရေး လှုပ်ရှားမှုများက အချိန် မြောက်မြားစွာ ကုန်လွန်စေသည့်အတွက် အသက် ရှင်ကျန်ရစ်ရေးနည်းစဉ်ကို အလျဉ်မီအောင် လိုက်ကြိုးပမ်းရ ပြီးလျှင် မိမိကိုယ်ကို အလွန်အမင်း ပြင်းထန်သော စိတ်တင်းကျပ်မှု၏ ပိုမိုဆိုးရွားသည့် အချိန်ကာလသို့ ရောက်ရှိသွားရ၏။ စီးပွားရေး တိုးတက်မှုက ကြီးထွားလာလေလေ နိုင်ငံရေး အသိဉာဏ်ပွင့်ခြင်းသည် လည်း ကြီးထွားလာလေလေဖြစ်ပြီးလျှင် လူအပေါင်းတို့သည် သူတို့၏ ပုံမှန်တာဝန်များကို လုပ်ဆောင်နိုင်ရန်အတွက် စိတ်ငြိမ်ဆေးများ နှင့် အိပ်ဆေးများကို ပို၍သုံးစွဲရလေလေဖြစ်သည်။ သင်သည် နိုးကြား

http://www.dhammadownload.com



နေရန်အတွက် ဆေးတစ်လုံး၊ အိပ်ပျော်ရန်အတွက် ဆေးတစ်လုံး၊ အပန်း ဖြေလျှော့ရန် ဆေးတစ်လုံး စသည်ဖြင့် စားရသည်။

This kind of modernization that has come in, wherein man's tensions have mounted to a point where he finds that all that he has gained is of no use, is a very serious situation.

ယခုရောက်ရှိလာပြီဖြစ်သော ဤသို့သော ခေတ်မီတိုးတက်ခြင်းသည် အလွန်လေးနက်သော အခြေအနေတစ်ရပ် ဖြစ်၏။ ဤအခြေအနေ၌ လူသား၏ တင်းကျပ်မှုများသည် အဆင့်မှတ် တစ်ခုသို့ မြင့်တက်သွားသည်။ ယင်းအဆင့်မှတ်၌ သူရှာဖွေရရှိထားသမျှသော အရာအားလုံးသည် ဘာမျှအသုံးမကျသည်ကို သူ တွေ့လာရသည်။

In addition to these tensions comes another facet wherein, with the greater amount of leisure that man gets today as a result of freedom from work drudgery, he has another problem to cope with—that is, boredom.

ဤ စိတ် တင်း ကျပ် မှု များ အ ပေါ် ထပ် ဆင့် ကာ နောက် ထပ် ပြဿနာတစ်ရပ် တိုးလာပြန်ပါသည်။ ဤအရာသည်ကား ငြီးငွေ့ဖွယ်ရာ တကုပ်ကုပ် လုပ်ကိုင်ရခြင်းမှ လွတ်မြောက်လာသည့်အကျိုးကြောင့် ယနေ့လူသားတို့ ရရှိလာသည့် ပိုမိုများပြားသော အားလပ်ချိန်ကို မည်သို့ အသုံးပြုရမှန်း မသိသဖြင့် လူသည် ငြီးငွေ့မှုဟူသော ပြဿနာသစ် တစ်ခုနှင့် ရင်ဆိုင်တိုးနေရခြင်းပင် ဖြစ်သည်။

So with tension on one side, boredom on the

http://www.dhammadownload.com



other, comes a variety of other complications which make many people really unhappy.

ထို့ကြောင့် တစ်ဖက်တွင် စိတ်တင်းကျပ်မှု၊ အခြားတစ်ဖက်တွင် ငြီးငွေ့မှုတို့နှင့် ရင်ဆိုင်နေရခြင်းနှင့်အတူ အခြားသော ရှုပ်ထွေးမှုအမျိုးမျိုးတို့ ပေါ်ပေါက်လာကြသဖြင့် လူမြောက်မြားစွာတို့သည် အမှန်တကယ်ပင် မပျော်ရွှင်နိုင်ကြတော့ချေ။

Today one may ask the question: Are we in a situation where people are really happy or are we in a situation where people at last have realized that in spite of all that they could gain, they have lost something in the form of some fundamental aspects of life?

ယနေ့ ဤမေးခွန်းကို ကျွန်ုပ်တို့မေးသင့်သည်– ကျွန်ုပ်တို့သည် လူအပေါင်းတို့က အမှန်တကယ် ပျော်ရွှင်ကြသော အခြေအနေသို့ ရောက်နေကြပါသလား။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် လူအပေါင်းတို့က သူတို့ရှာဖွေရရှိထားသော အရာအားလုံး ရှိစေကာမူ အခြေခံကျသော ဘဝ၏ အစိတ်အပိုင်းအသွင်ဖြင့် အချို့သော အခြေခံအရာကို သူတို့ဆုံးရှုံးသွားရပြီဟု သိမြင်လာကြသည့် အခြေအနေသို့ ရောက်နေကြပါသလား။

Who is to be blamed? Are we to blame science? Are we to blame technology? Are we to blame the political systems? Are we to blame the economic system that we have inherited or we have developed? Or are we to blame ourselves?

http://www.dhammadownload.com



မည်သူ့ကို အပြစ်တင်ရမည်လဲ။ သိပ္ပံကို ကျွန်ုပ်တို့ အပြစ်တင်ရမလား။ နည်းပညာကို ကျွန်ုပ်တို့ အပြစ်တင်ရမလား။ နိုင်ငံရေးစနစ်များကို ကျွန်ုပ်တို့ အပြစ်တင်ရမည်လား။ ကျွန်ုပ်တို့ အမွေခံ ရရှိသော သို့မဟုတ် ပြုစုပျိုးထောင်ခဲ့ကြသော စီးပွားရေးစနစ်ကို ကျွန်ုပ်တို့ အပြစ်တင်ရမည်လား။ သို့တည်းမဟုတ် ကျွန်ုပ်တို့ကိုပင် ကျွန်ုပ်တို့ အပြစ်တင်ကြရမည်လား။

***

http://www.dhammadownload.com

# အခန်း(၇)
## You are Responsible
## သင်သည် တာဝန်ရှိ၏

Going back to the Buddha's own way of looking at the problem you will say, you have to blame yourself. Because whatever has gone wrong you are responsible, you are your own master. You have let it go—allowed it away from your hands.

မြတ်စွာဘုရား၏ ဘဝပြဿနာကို ရှုမြင်တတ်သော ကိုယ်ပိုင်လမ်းစဉ်သို့ ပြန်သွားလျှင် သင့်ကိုယ် သင် အပြစ်တင်ရမည်ဟု သင်ပြောဆိုလိမ့်မည်။ အကြောင်းကား ဘယ်အရာပဲ လွဲမှားသွားသည်ဖြစ်စေ သင်သည်သာ တာဝန်ရှိ၏။ သင်သည် သင်၏အရှင်သခင်ဖြစ်သည် မဟုတ်လော။ သင်သည် ထိုအရာကို သွားစေခဲ့၏။ သင်၏လက်များအတွင်းမှ ထိုအရာကို ထွက်ခွာသွားစေခဲ့၏။ ပြဿနာတို့ကို သင့်

http://www.dhammadownload.com



လက်ထဲကပင် ထုတ်လွှင့်ခွင့်ပြုစေခဲ့၏။ အခွင့်အရေး တာဝန်ကိုလည်း လက်လွှတ်စေခဲ့၏။

It is easy to blame a person, saying "You have let an opportunity pass. It has slipped away from your hands". But does that help?

လူတစ်ယောက်ကို "သင်သည် အခွင့်အရေးတစ်ခုကို ကျော်လွန်သွားစေခဲ့၏။ သင်၏လက်တွင်းမှ ထိုအခွင့်အရေးကို လွှတ်ကျစေခဲ့၏" ဟု ပြောဆို၍ အပြစ်တင်ရန် လွယ်ကူ၏။ သို့သော် ဤသို့အပြစ်တင်ခြင်းသည် အထောက်အကူဖြစ်ပါသလား၊ အကျိုးရှိပါသလား။

The greatness of Buddhism lies in the fact that it does not stop after placing the responsibility on you, it does not say "Now that is it. We have now found the culprit." It proceeds to the next stage of saying: "Here are a few things that could be done."

ဗုဒ္ဓဝါဒ၏ မြင့်မြတ်ကြီးကျယ်မှုသည် သင့်အပေါ်၌ တာဝန်ရှိခြင်းကို သတ်မှတ်ပြီးသည့်နောက် ရပ်တန့်မသွားခြင်း ဟူသည့်အချက်ပေါ်၌ မူတည်၏။ ဗုဒ္ဓဝါဒသည် "ယခု အဲဒါပဲ၊ ငါတို့ ယခုကရားခံကို ရှာလို့တွေ့ပြီ" ဟု ဆိုပြီး ရပ်မသွားပါ။ နောက်တစ်ဆင့်တက်၍ "ဟော ဒီမှာလုပ်နိုင်စရာတွေ အနည်းအကျဉ်း ရှိပါသေးတယ်" ဟု ဆက်ဆို၏။

If one were to go around looking at the various types of religions, psychiatric, psychological measures that have been evolved in order to save man or to cure man from tension on one side and

http://www.dhammadownload.com



boredom on the other side, you would find that there are many but not one as inexpensive and as practical as some of the very simple directions that Buddhism offers.

အကယ်၍ တစ်စုံတစ်ယောက်သောသူသည် တစ်ဖက်တွင် စိတ်တင်းကျပ်မှု၊ အခြားတစ်ဖက်တွင် ငြီးငွေ့မှုနှင့် ခြံရံနေသော လူသားအား ကုစားရန် သို့မဟုတ် ကယ်တင်ရန်အတွက် အဆင့်ဆင့်ပြောင်းလဲပြုပြင် တီထွင်ခဲ့ကြသော အမျိုးမျိုးသော ဘာသာရေးဆိုင်ရာ စိတ်ဝေဒနာ ကုနည်းဆိုင်ရာ စိတ်ပညာဆိုင်ရာ စီမံဆောင်ရွက်ချက်အမျိုးမျိုးကို ရှုးစမ်းရှာဖွေ မွှေနှောက်ကြည့်မည်ဆိုလျှင် နည်းမျိုးစုံကို တွေ့ရမည် ဖြစ်သော်လည်း ဗုဒ္ဓဝါဒက ပေးအပ်သည့် အလွန် ရိုးရှင်းသော ညွှန်ကြားချက်အချို့လောက် အကုန်အကျ နည်းပြီး လက်တွေ့ကျသော နည်း တစ်ခုကိုမျှ တွေ့ရမည်မဟုတ်ပါ။

One would ask the question—does this mean that once you become a Buddhist you would be freed from the tensions and boredom of modern life? To answer that question is very difficult because no one becomes a Buddhist. There is no one who is to be labelled as a Buddhist. Because Buddhism is not one of those philosophies or ways of life or religions — I use the word religion because there is no other classification to which it can squarely be put—wherein there is a need to have a label.

ဤသို့ဆိုလိုက်သည့်အတွက် "သင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး

http://www.dhammadownload.com



ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ခေတ်သစ်ဘဝ၏ စိတ်တင်းကျပ်မှုများနှင့် ငြီးငွေ့မှုမှ လွတ်မြောက်သွားရောလား”ဟု မေးမြန်းစရာရှိပါသည်။ ထိုမေးခွန်းကို ဖြေဆိုရန်မှာ အလွန်ခက်ခဲပါသည်။ အကြောင်းမှာ လူတစ်ဦးတစ်ယောက်မျှ ဗုဒ္ဓဘာသာဝင်ဖြစ်မလာသောကြောင့်ဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟု တံဆိပ်ခတ်၍ သတ်မှတ်နိုင်သောသူ တစ်ယောက်မျှ မရှိပါ။ အကြောင်းမှာ ဗုဒ္ဓဘာသာသည် တံဆိပ်ခတ်နိုပ်ရန် လိုအပ်သော ဒဿနိက ဗေဒများ သို့မဟုတ် ဘဝနည်းလမ်းများ သို့မဟုတ် ကိုးကွယ်မှုဘာသာများတွင် မပါဝင်သောကြောင့် ဖြစ်ပါ၏။ ဤတွင် ဗုဒ္ဓဝါဒကို ကိုးကွယ်မှုဘာသာဟု ကျွန်ုပ်ဆိုလိုက်ရခြင်းမှာ ဗုဒ္ဓဘာသာကို တည့်တည့်မတ်မတ် အမျိုးအစား သတ်မှတ်နိုင်သော အခြားသတ်မှတ်ချက် မရှိသောကြောင့် ဖြစ်ပါ၏။

During the days of the Buddha, people went to him, listened to him and if they were pleased with him they would say, "I take refuge in you, I take refuge in your teachings, I take refuge in the Sangha, the community, the disciples who are following this way of life." Even today that is all that is needed for anybody to call himself a Buddhist.

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက လူတို့သည် မြတ်စွာဘုရားထံသို့ သွား၍ သူ၏တရားကို နာကြားကြ၏။ အကယ်၍ ထိုတရားကို နှစ်သက်ကြလျှင်“သင့်ကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်ပါ၏၊ သင်၏ တရားတော်ကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်ပါ၏၊ ဤဘဝလမ်းစဉ်ကို လိုက်နာကျင့်သုံးနေကြသော သင်၏ တပည့်သားသံဃာတော်အဖွဲ့အစည်းကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်ပါ၏”ဟု သူ

http://www.dhammadownload.com



တို့ ဆိုကြသည်။ ယနေ့ဥပဒေပင်လျှင် မည်သူမဆို မိမိကို ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟု ခေါ်ဆိုဖို့အတွက် ဤမျှသာ ပြုလုပ်ဖို့ လိုပါသည်။

That having been convinced that what the Buddha has taught has some relevance to one's life's problems, and one feels that in it is a way of life that he could follow with profit, he takes refuge in the Buddha, the Dhamma and the Sangha. With this inner conviction he becomes a Buddhist with absolutely no ceremony, no ritual of any kind, no registration, no other legal requirements. It is what **F.L. Woodword,** one of the finest translators of the words of Buddha, calls "**a do-it-yourself religion.**"

မြတ်စွာဘုရား၏ သင်ကြားမှုများသည် မိမိ၏ ဘဝပြဿနာ များနှင့် ဆီလျော်ဆက်စပ်မှု တစ်စုံတစ်ရာ ရှိသည်ဟု နက်နဲစွာယုံကြည် စိတ်ချပြီး ထိုသင်ကြားမှု၌ အကျိုးရှိစွာ လိုက်နာကျင့်သုံးနိုင်သော ဘဝ လမ်းစဉ်တစ်ခု ရှိသည်ဟု ခံစားရသည်ဆိုလျှင် ထိုသူသည် ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ်ပါတော့သည်။ ဤသို့ စိတ်တွင်း မှ ခိုင်မြဲစွာ သက်ဝင်ယုံကြည်လျှင် လုံးဝဥဿုံ အခမ်းအနား မပါရှိဘဲ ဘာသာရေး ထုံးတမ်းဓလေ့အရ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း သိမ်းသွင်း ခြင်းတို့ မပါရှိဘဲ မှတ်ပုံတင်ခြင်း မပြုလုပ်ဘဲ အခြားတရားဝင် လိုအပ် ချက်များ မပါရှိဘဲ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို အကောင်းဆုံး ဘာသာ ပြန်ဆိုသူတစ်ဦးဖြစ်သည့် **အက်ဖ်အယ်လ်-ဝုဒ်ဝေါဒ်** က **"သင်ကိုယ်**

http://www.dhammadownload.com



**တိုင်ပြုလုပ်သောကိုးကွယ်မှုဘာသာ"** ဟူ၍ ဗုဒ္ဓဘာသာကို ကင်ပွန်းတပ်ပါသည်။

In this do-it-yourself religion, wherein there is no need for one to label one's self a Buddhist, are there precepts or laws you have to follow to be a Buddhist? Have you to follow the way of life that the Buddha taught?

တစ်စုံတစ်ယောက်သောသူက မိမိကို ဗုဒ္ဓဘာသာဝင်တစ်ဦးပါဟု တံဆိပ်ခတ်နှိပ်ရန် မလိုသော"သင်ကိုယ်တိုင်ပြုလုပ်သည့် ကိုးကွယ်မှုဘာသာ"၌ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရန် လိုက်နာရသော ကျင့်ဝတ်များ သို့မဟုတ် ဥပဒေစည်းမျဉ်းများ ရှိပါသလား။ မြတ်စွာဘုရား သင်ကြားပြသသည့် ဘဝလမ်းစဉ်ကို လိုက်နာရပါသလား။

What is very significant today is that there may be thousands of people who have never gone into a Buddhist temple, never got into the ritualistic set-up which had evolved in the Buddhist countries, but who in their own heart have seen the validity of the message of the Buddha and who are leading a life according to the tenets of Buddhism.

ယနေ့ အလွန်အရေးပါသော အကြောင်းတစ်ရပ်မှာ ဗုဒ္ဓဘာသာ စေတီပုထိုးများသို့ တစ်ကြိမ်တစ်ခါမျှ မသွားရောက်ဘဲလျက် ဗုဒ္ဓဘာသာ နိုင်ငံများ၌ အဆင့်ဆင့် ပြောင်းလဲပြုပြင်ထားသော ဘာသာရေး ထုံးတမ်းအဖွဲ့အစည်းများသို့ မဝင်ရောက်ဘဲလျက် မြတ်စွာဘုရား၏ တရားတော်၏ အကြောင်းအကျိုး ညီညွတ်မှုကို မိမိတို့၏ စိတ်ထဲ နှလုံး

http://www.dhammadownload.com



ထဲ၌ သိမြင်၍ ဗုဒ္ဓဘာသာ၏ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်နေကြသော လူ ထောင်ပေါင်းများစွာ ရှိခြင်းပင် ဖြစ်သည်။

In fact, we are finding that a vast majority of the world's population hold allegiance to the Buddha for one reason or another. This is one of the most remarkable things that one would regard as almost a miracle.

အမှန်တွင် ကမ္ဘာ့လူဦးရေ၏ ကျယ်ဝန်းသော လူအများစုသည် အကြောင်းတစ်ခုခုကြောင့် ဗုဒ္ဓမြတ်စွာဘုရားအား သစ္စာစောင့်သိကြကြောင်းကို ကျွန်ုပ်တို့ မြင်တွေ့နေရပါသည်။ ဤသည်ကား အံ့ဖွယ်သရဲတစ်ခုဟု ထင်မှတ်ရလောက်အောင် အထူးခြားဆုံးသော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

***

http://www.dhammadownload.com

# အခန်း(၈)
## A Way of Life
## ဘဝလမ်းစဉ် တစ်ရပ်

The way of life the Buddha preached was very simple. To the layman it consisted of just five simple precepts: do not kill, do not steal, do not engage in sensual pleasures through wrong means, do not lie, do not take intoxicants—a very simple set of precepts indeed.

မြတ်စွာဘုရား ဟောဖော်ညွှန်ပြသော ဘဝလမ်းစဉ်သည် အလွန်ရိုးရှင်းပါသည်။ ထိုဘဝလမ်းစဉ်တွင် လူဝတ်ကြောင်များအတွက် သီလငါးပါးသာ ပါရှိပါသည်။ ထိုသီလငါးပါးမှာ မသတ်ရ၊ မခိုးရ၊ မှားယွင်းသောနည်းလမ်းဖြင့် ကာမဂုဏ်ပျော်ရွှင်မှုများကို မခံစားရ၊ လိမ်မပြောရ၊

http://www.dhammadownload.com



မူးယစ်စေသည့် အရက်နှင့် ဆေးဝါးများကို မသုံးရဟူသော အမှန်တကယ်ပင် အလွန်ရိုးရှင်းသော သီလသိက္ခာများ ဖြစ်ပါ၏။

But the Buddhist way of life, the way the Buddha described does not end with this kind of precepts. Simplified in a manner that any one could understand, there are three things that each person is expected to do, namely (using the Pāli words because most of you are familiar with them) DĀNA, SĪLA and BHĀVANĀ.

သို့ရာတွင် မြတ်စွာဘုရား ဟောဖော်ညွှန်ပြထားသော ဗုဒ္ဓဘာသာဝင်တို့၏ ဘဝလမ်းစဉ်သည် ဤသီလအမျိုးအစားမျှလောက်ဖြင့် ပြီးဆုံးသွားသည် မဟုတ်ပါ။ လူတိုင်း နားလည်နိုင်အောင် လွယ်ကူရှင်းလင်းစွာ ပြောရမည်ဆိုလျှင် လူတိုင်းလိုက်နာကျင့်သုံးရန် ရည်မှန်းထားသည့်အရာ သုံးခုရှိပါသည်။ ၎င်းတို့မှာ (သင်တို့ သိကျွမ်းထားကြသည့်အတိုင်း ပါဠိစကားလုံးများကို သုံးစွဲရလျှင်) **ဒါန၊ သီလ** နှင့် **ဘာဝနာ** တို့ ဖြစ်ကြပါသည်။

**Dana** would mean liberality, generosity – the act of giving. It is very important that Buddhism begins with Dana as the first virtuous act which one should engage in, in order to put himself on the correct path, because giving is an act of sacrifice.

**ဒါန** သည် သဘောထားပြည့်ဝခြင်း၊ ရက်ရောခြင်းတို့ကို ဖော်ညွှန်းသည့် ပေးကမ်းစွန့်ကြဲခြင်းအမှု ဖြစ်ပါသည်။ ဗုဒ္ဓဝါဒသည် ပထမ မွန်မြတ်သော အပြုအမူအဖြစ် ဒါနနှင့် စတင်ခြင်းသည် အလွန်အရေး

http://www.dhammadownload.com



ကြီးပါ၏။ ဒါနသည် မိမိကို မှန်ကန်သော လမ်းကြောင်းပေါ် တင်ပေးရန်အလို့ငှာ၊ လူတိုင်း ကျင့်သုံးအပ်၏။ အကြောင်းမှာ ပေးကမ်းစွန့်ကြဲခြင်းသည် ကိုယ်ကျိုးစွန့်လွှတ်သော အပြုအမူတစ်ခုဖြစ်သောကြောင့်တည်း။

To be able to give something is to prepare your mind fully to give up something that you have, something you treasure, something to which you are attached. Thereby you counter one of the biggest causes of all the problems which, again in Pali, is called LOBHA or desire or greed.

တစ်စုံတစ်ခုကို ပေးကမ်းနိုင်ရန်အတွက် သင် ပိုင်ဆိုင်သော အရာ သင်မြတ်နိုးသောအရာ သင်ခုံမင်တပ်မက်သောအရာကို စွန့်လွှတ်နိုင်ဖို့အတွက် သင့်စိတ်ကို အပြည့်အဝပြင်ဆင်ရပါသည်။ ထိုသို့ စွန့်လွှတ်ပေးကမ်းခြင်းကြောင့် ပြဿနာအားလုံးတို့၏ အကြီးဆုံး အကြောင်းရင်းတစ်ခုဖြစ်သော ပါဠိဘာသာဖြင့် **လောဘ** ဟု ခေါ်ဆိုသည့် လိုချင်တပ်မက်မှု၊ အလိုကြီးမှုကို သင် တွန်းလှန်နိုင်ပါသည်။

It is very interesting to see how the way of life is presented to us in a manner that in following it step by step we get rid of some of the human weaknesses and characteristics that cause tension, and the boredom that is bothering most of us today. Liberality is to counteract desires, the greediness, the clinging nature.

http://www.dhammadownload.com



ထိုဘဝလမ်းစဉ်ကို ကျွန်ုပ်တို့အား ဘယ်ပုံဘယ်နည်းဖြင့် အပ်နှင်း ချီးမြှင့်ခဲ့သည်ကို မြင်သိရန် အလွန်စိတ်ဝင်စားဖွယ် ကောင်းပါသည်။ ထိုဘဝလမ်းစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာသွားခြင်းဖြင့် ယနေ့ ကျွန်ုပ်တို့အားလုံးလောက်ကို စိတ်အနှောင့်အယှက် ဖြစ်နေစေသော ငြီးငွေ့မှုနှင့် စိတ်တင်းကျပ်မှုတို့ကို ဖြစ်ပေါ်စေသည့် လူသားတို့၏ အားနည်းချက်နှင့် အမူအကျင့်အချို့ကို ပယ်ရှားလိုက်နိုင်ပါတော့သည်။ ဤသို့ ပယ်နိုင်အောင် ဘဝလမ်းစဉ်ကို ချီးမြှင့်ပေးခဲ့သည်။

သဘောထားပြည့်ဝမှုသည် လိုချင်တပ်မက်မှုများ၊ အလိုကြီးမှုလောဘနှင့် တွယ်တာတတ်သည့်သဘာဝကို တိုက်ဖျက်ရန်အတွက် ဖြစ်ပါ၏။

Then **SILA** is adherence to certain precepts, or ethical or moral conduct. Buddha was fully aware of the fact that one could not set rules and regulations for everybody in the same manner.

တစ်ဖန် **သီလ** သည် အချို့သော သိက္ခာပုဒ်များ (ဝါ) လူ့ကျင့်ဝတ်ဆိုင်ရာ သို့မဟုတ် စာရိတ္တဆိုင်ရာ အပြုအမူကို စောင့်ထိန်းခြင်းဖြစ်၏။ မြတ်စွာဘုရားသည် လူတိုင်းအတွက် နည်းပုံစံတစ်မျိုးတည်းဖြင့် စည်းကမ်းစည်းမျဉ်းများကို ချမှတ်၍ မရဟူသောအချက်ကို ကောင်းစွာ သိနားလည်ပါသည်။

So there are a few rules for the lay people. There are a few more for those who want to enter into a committed religious life, and still more for our venerable Theras present here, who have committed

http://www.dhammadownload.com



themselves to adhere to a very strict path of discipline and purification. So the Sila is a graduated thing, so that each person picks up that which he is able to follow for the present.

သို့အတွက် လူ့ဝတ်ကြောင်များ လိုက်နာရန် စည်းကမ်းချက် အနည်းငယ်သာ ရှိပါသည်။ ဘာသာရေးဘဝဖြင့် နေထိုင်သွားရန် ခံယူထားသူတို့အတွက် စည်းကမ်းချက် အနည်းငယ် ပိုရှိပါသည်။ စည်းကမ်းရှိမှုနှင့် စိတ်ဖြူစင်မှုတို့အတွက် အလွန်တင်းကျပ်တိကျသော လမ်းစဉ်ကို လိုက်နာကျင့်သုံးရန် မိမိတို့ကိုယ်တိုင် ကတိကဝတ်ပြုပြီးကြသော လေးစားထိုက်သည့် ထေရ်ကြီးဝါကြီးများအတွက်မူ ပိုမိုကျယ်ဝန်းသော သိက္ခာပုဒ်များကို ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် သီလသည် အဆင့်ဆင့် ပိုင်းခြားသတ်မှတ်၍ ကျင့်သုံးရသော အရာဖြစ်သည်။ လူတစ်ဦးစီက မိမိ လတ်တလော ကျင့်သုံးနိုင်သလောက် ခံယူစောင့်သုံးနိုင်ပါသည်။

In Sila, or moral conduct or the ethical teachings of the Buddha, we come back to this original doctrine: they are not commandments, they are not prescribed from above, they are not prescribed by the Buddha in a supernatural capacity.

သီလ သို့မဟုတ် ကိုယ်ကျင့်တရား သိက္ခာ သို့မဟုတ် မြတ်စွာဘုရား၏ လူ့ကျင့်ဝတ်ဆိုင်ရာ သင်ကြားမှုတွင် ဤမူလသဘောတရားသို့ ကျွန်ုပ်တို့ တစ်ဖန် ရောက်ရှိလာပါသည်။ ၎င်းတို့သည် အမိန့်ပေးချက်များ မဟုတ်၊ ၎င်းတို့ကို အထက်မှ ညွှန်ကြားပြဋ္ဌာန်းပေးလိုက်ခြင်းလည်း မဟုတ်၊ ၎င်းတို့ကို ဗုဒ္ဓမြတ်စွာဘုရားက သဘာဝလွန် စွမ်း

http://www.dhammadownload.com



ဆောင် နိုင် မှု တစ် ရပ် အ နေ ဖြင့် ညွှန် ကြား ပြ ဋ္ဌာန်း လိုက် ခြင်း လည်း မဟုတ်။

Each one of the precepts, which we, as Buddhists, take, is a promise unto ourselves of our own freewill. And the way they are worded is "I take upon myself the discipline of not killing", "I take upon myself the discipline of not stealing" and so on, because I am the master of my own destiny and it is I who should decide which kind of life I should lead.

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ ခံယူစောင့်ထိန်းသော သီလသိက္ခာပုဒ် တစ်ပါးစီသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင် လွတ်လပ်သော ဆန္ဒဖြင့် ကျွန်ုပ်တို့အား ကတိခံဝန်ချက်ပြု၍ စောင့်ထိန်းခြင်းသာ ဖြစ်၏။ ခံယူကျင့်သုံးရန် စကားအသုံးအနှုန်းမှာလည်း "ကျွန်ုပ်သည် သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်းဖြစ်သော သိက္ခာပုဒ်ကို ခံယူစောင့်ထိန်းပါ၏"၊ "ကျွန်ုပ်သည် သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်သော သိက္ခာပုဒ်ကို ခံယူစောင့်ထိန်းပါ၏" စသည်ဖြင့် ဖြစ်၏။ ဤသို့ ခံယူစောင့်ထိန်းခြင်းမှာ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝကံကြမ္မာ၏ အရှင်သခင်ဖြစ်ပြီးလျှင် မည်သို့သော ဘဝမျိုးကို ခံယူကျင့်သုံးထိုက်သည်ကို ကျွန်ုပ်ကိုယ်တိုင် ဆုံးဖြတ်ချက် ချရမည်ဖြစ်သောကြောင့်တည်း။

The Buddha as a guide had shown certain fundamental weaknesses, or faults, that one should try to avoid. The second cause of most of the problems we have is our animosity, or hatred to others. In Pali we say DOSA. Sila is one of those

http://www.dhammadownload.com



antidotes for this second cause of all our weaknesses. When we follow Sila we control, or we rather completely eliminate, the cause of hatred.

လမ်းညွှန်သူတစ်ဦးအနေဖြင့် မြတ်စွာဘုရားသည် လူတိုင်းရှောင်ကြဉ်ထိုက်သော အခြေခံအားနည်းချက်များ (ဝါ) အပြစ်များကို ညွှန်ပြခဲ့သည်။ ကျွန်ုပ်တို့ ကြုံတွေ့နေရသော ပြဿနာအများစု၏ ဒုတိယအကြောင်းရင်းမှာ ကျွန်ုပ်တို့၏ ရက်စက်ကြမ်းကြုတ်မှု (ဝါ) သူတစ်ပါးတို့အား မုန်းတီးမှု ဖြစ်သည်။ ပါဠိဘာသာဖြင့် **ဒေါသ** ဟုခေါ်၏။ သီလသည် ကျွန်ုပ်တို့၏ ပျော့ညံ့မှုအားလုံး၏ ဤဒုတိယ အကြောင်းရင်းအတွက် ဖြေဆေးတစ်ခုဖြစ်သည်။ သီလကို စောင့်ထိန်းသည့်အခါ မုန်းတီးမှု (ဒေါသ) ၏ အကြောင်းရင်းကို ကျွန်ုပ်တို့ ချုပ်ထိန်းနိုင်သည်၊ တစ်နည်း အတော်အသင့် ပြည့်စုံစွာ ပယ်သတ်နိုင်သည်။

The Buddha was one of those who were very conscious of the many effects of hatred. He had seen people ruining themselves as a result of hatred. That is what made it possible for him to state very categorically that hatred never ceases by hatred, that the more you hate, the worse it becomes.

မြတ်စွာဘုရားသည် မုန်းတီးမှု၏ အကျိုးတရားများစွာကို ကောင်းစွာ သိနားလည်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မုန်းတီးမှု ဟူသော အကြောင်းကြောင့် မိမိတို့၏ဘဝကို ဖျက်ဆီးလိုက်ကြသော လူတို့ကို မြတ်စွာဘုရား မြင်တွေ့တော်မူခဲ့သည်။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် "မုန်းတီးမှုကြောင့် မုန်းတီးမှုသည် မငြိမ်းဆုံးနိုင်"၊

http://www.dhammadownload.com



"သင်အမုန်းပွားလေလေ အခြေအနေ ပိုဆိုးရွားလေလေ"ဖြစ်ကြောင်းကို ပြတ်ပြတ်သားသား မိန့်ကြားနိုင်ခဲ့ပေသည်။

You hate me, I hate you: I hate you more, you hate me more and the hatred keeps on increasing to a point where both you and I burn ourselves in our mutual hatred, and to the Buddha the only way to solve it is that one party must stop.

သင်က ကျွန်ုပ်ကို မုန်း၏၊ ကျွန်ုပ်က သင့်ကို မုန်း၏၊ ကျွန်ုပ်က သင့်ကို ပိုမုန်းလာ၏၊ သင်ကလည်း ကျွန်ုပ်ကို ပိုမုန်းလာ၏။ ဤသို့ဖြင့် မုန်းတီးမှုက အဆင့်ဆင့်တိုးပွားလာရာ သင်နှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အချင်းချင်း မုန်းတီးမှုဟူသော မီးလောင်တိုက်တွင် လောင်မြိုက်ခြင်း ခံရသည့်အထိ ဖြစ်၏။ ဤပြဿနာကို ဖြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းမှာ တစ်ဖက်ဖက်က အမုန်းပွားမှုကို ရပ်တန့်ရန် ဖြစ်ကြောင်း မြတ်စွာဘုရား မြင်တော်မူ၏။

Because without one party, or better still both parties, trying to conquer hatred with friendship, hatred with non-hatred, this sequence of hatred would never cease. On the way of dealing with it is based the entire doctrine of the virtuous life of Buddhism.

တစ်ဖက်ဖက်က ဖြစ်စေ၊ သို့မဟုတ် နှစ်ဖက်လုံးက ဖြစ်စေ၊ မုန်းတီးမှုကို မိတ်ဖြစ်မှုနှင့် သို့မဟုတ် မုန်းတီးမှုကို ချစ်ခင်မှုနှင့် အောင်နိုင်အောင် မကြိုးစားလျှင် ဤမုန်းတီးမှု အစဉ်အတန်းသည် မည်သည့်အခါမျှ ဆုံးခန်းတိုင် ရောက်မည်မဟုတ်ချေ။ မုန်းတီးမှုကို ကိုင်တွယ်

http://www.dhammadownload.com



သည့် နည်းလမ်းအပေါ်တွင် ဗုဒ္ဓဝါဒ၏ မွန်မြတ်သော ဘဝဆိုင်ရာ တရားတော်တစ်ရပ်လုံးကို အခြေပြုထားပေသည်။

Because a virtuous life is attacking the second cause of our weaknesses, namely hatred, we have in Buddhism a most interesting, and again a timeless doctrine, of loving kindness. Loving kindness, which is the cornerstone of Buddhism, (the foundation on which the Buddhist doctrine is built), has not been taken by the Buddha as merely a simple ethical principle. He had analysed it in detail. In fact the Buddha analysed the principle of loving kindness into 4 aspects and called them the **four states of sublime life.**

မွန်မြတ်သောဘဝသည် ပျော့ညံ့ခြင်းများ၏ ဒုတိယအကြောင်းရင်း ဖြစ်သော မုန်းတီးမှုကို တိုက်ခိုက်နေခြင်းကြောင့် ဗုဒ္ဓဝါဒတွင် စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်ပြီး တစ်ဖန် ခေတ်ကာလ ကန့်သတ်ခြင်းမရှိသည့် သဘောတရားတစ်ခုဖြစ်သည့် 'မေတ္တာ' ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ မေတ္တာသည် ဗုဒ္ဓဝါဒ၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ (မေတ္တာ အုတ်မြစ်အပေါ် အခြေခံ၍ ဗုဒ္ဓဝါဒကို တည်ဆောက်ထားသည်။) မေတ္တာကို ရိုးရှင်းသည့် လူ့ကျင့်ဝတ်သဘောတရားတစ်ခုမျှအဖြစ်သာ မြတ်စွာဘုရား ယူဆသည် မဟုတ်။ မြတ်စွာဘုရားသည် မေတ္တာကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာကာ လေ့လာခဲ့သည်။ အမှန်တွင် မြတ်စွာဘုရားသည် မေတ္တာသဘောကို သဘောလေးခုအဖြစ်သို့ ခွဲခြမ်း စိတ်

http://www.dhammadownload.com



ဖြာခဲ့ပြီးလျှင် ထိုသဘောတို့ကို **'ဗြဟ္မဝိဟာရတရားလေးပါး'** (ဝါ) **'ဗြဟ္မစိုရ်တရားလေးပါး'**ဟု ခေါ်ဆိုသည်။

The first of them is METTA or MAITRI, which most of you, here, associate with Buddhism. Etymologically meaning friendliness, and defined by the Buddha as that quality which a mother has towards her only son, Metta is the first Brahma-vihara or sublime state of life.

ယင်းတို့အနက် ပထမသဘောသည် **မေတ္တာ** (ဝါ) မေထရိဟု ခေါ်၏၊ ထိုသဘောကို သင်တို့အများစုက ဗုဒ္ဓဝါဒနှင့် ဆက်စပ်ကာ တွေးမိကြလိမ့်မည်။

စကားလုံးများ၏ ဇာစ်မြစ်နှင့် သမိုင်းကို လေ့လာသောနည်း ပညာအရ မေတ္တာသည် ချစ်ခင်ခြင်းဟု အဓိပ္ပာယ်ရ၏။ မြတ်စွာဘုရားက မေတ္တာကို မိခင်တစ်ဦးက တစ်ဦးတည်းသော သားအပေါ် ထားရှိသည့် အရည်အသွေးဖြစ်သည်ဟု အဓိပ္ပာယ်သတ်မှတ်၏။ မေတ္တာသည် ဗြဟ္မာကဲ့သို့ သိမ်မွေ့စွာနေထိုင်ခြင်းဟူသည့် ပထမဗြဟ္မဝိဟာရတရား ဖြစ်သည်။

Then comes KARUNĀ – compassion. Compassion is more easily generated. You see somebody in trouble, you see somebody who needs your help, your heart moves towards that person and you rush to help him. That quality of rushing to somebody's help – feeling sorry for the other who is suffering, that is another aspect of loving kindness.

http://www.dhammadownload.com



ထို့နောက် **ကရုဏာ**– သနားကြင်နာခြင်း လာပါသည်။ ကရုဏာသည် နှလုံးသားမှ ပို၍လွယ်ကူစွာ စိမ့်ထွက်လာတတ်ပါသည်။ တစ်စုံတစ်ယောက်သောသူက ဒုက္ခနှင့် ကြုံတွေ့နေရပြီး သင်၏ အကူအညီကို လိုအပ်နေကြောင်း သင်မြင်တွေ့ရလျှင် သင်၏ နှလုံးသားသည် ထိုသူ့ထံသို့ ပြေးသွားပြီး ထိုသူကို သင် အမြန်သွား၍ ကူညီလိမ့်မည်။ ထိုသို့ သူတစ်ပါးထံ အပြေးအလွှားသွားပြီး ကူညီနိုင်သော အရည်အသွေး၊ ဆင်းရဲဒုက္ခရောက်နေသူတို့အတွက် စိတ်မကောင်းဖြစ်ခြင်းသည် မေတ္တာ၏ အခြားအသွင်အပြင်တစ်ခု ဖြစ်သည်။

Then comes a third aspect of it which is more difficult to practise, and that requires tremendous love and pains, that is called MUDITĀ, that is, to share in others' happiness — to wipe out from your mind all traces of jealousy and envy, so that you enjoy the well-being of the other person, your neighbour, even your enemy.

မေတ္တာ၏ တတိယသဘောကို လက်တွေ့ကျင့်သုံးရန် ပို၍ ခဲယဉ်း၏၊ ထိုသို့ ကျင့်သုံးရန် ကြီးမားသော ချစ်ခင်မှုနှင့် ခံစားမှုတို့ လိုအပ်ပါသည်။ ထိုသဘောကို **မုဒိတာ** ဟု ခေါ်၏။ မုဒိတာသည် သူတစ်ပါး၏ ချမ်းသာပျော်ရွှင်မှု၌ ဝမ်းမြောက်နိုင်ခြင်း၊ မျှဝေခံစားနိုင်ခြင်း ဖြစ်၏။ သင်၏ စိတ်မှ မနာလိုမှု ဝန်တိုမှုအစအနအားလုံးကို ဖယ်ရှားနိုင်ခြင်း ဖြစ်၏။ သို့မှသာ သင်၏ အိမ်နီးချင်း သို့မဟုတ် သင်၏ ရန်သူဖြစ်စေကာမူ အခြားပုဂ္ဂိုလ်တစ်ဦး၏ ကောင်းကျိုးချမ်းသာ၌ သင် ဝမ်းမြောက်မွေ့လျော်နိုင်လိမ့်မည်။

Last of all comes the fourth aspect of loving

http://www.dhammadownload.com



kindness and that is total equanimity, UPEKKHA. You have no friends, no enemies, no one higher, no lower. You have absolutely no distinctions between one person and another, and you are totally merged in a kind of unity with all beings, all things, all situations.

နောက်ဆုံးအနေဖြင့် မေတ္တာ၏ စတုတ္ထသဘော လာပါသည်။ ထိုသဘောမှာ အလုံးစုံ ညီညွတ်မျှတခြင်း (ဝါ) **ဥပေက္ခာ** ဖြစ်သည်။ ဤသဘောအရ သင့်တွင် မိတ်ဆွေများလည်း မရှိ၊ ရန်သူများလည်း မရှိ၊ သင့်ထက် အဆင့်မြင့်သူလည်း မရှိ၊ သင့်အောက် အဆင့်နိမ့်သူလည်း မရှိ၊ သင့်အတွက် ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး လုံးဝကွဲပြားခြားနားမှု မရှိတော့ပါ။ သင်သည် သတ္တဝါအားလုံး အရာအားလုံး အခြေအနေ အားလုံးနှင့် ညီညွတ်မှုသဘောတစ်ရပ်အဖြစ် လုံးဝဥဿုံ ပေါင်းစပ်သွားပါတော့သည်။

So once you are able to live a life in which all these four characteristics govern your actions, there is no place for hatred, there is no place for rivalry, there is no place for competition. So this second principle of SILA looks after this set of troubles that we would have.

ဤနှစ်လိုဖွယ်ကောင်းသော အရည်အသွေးလေးရပ်သည် သင်၏ အပြုအမူများကို ထိန်းချုပ်နိုင်သည့် ဘဝမျိုးကို သင် နေထိုင်တတ်သွားမည် ဆိုပါလျှင် မုန်းတီးမှုအတွက် နေရာမရှိတော့ပါ၊ ပြိုင်ဆိုင်မှုအတွက် နေရာမရှိတော့ပါ၊ ယှဉ်ပြိုင်မှုအတွက် နေရာမရှိတော့ပါ။ ထို့

http://www.dhammadownload.com



ကြောင့် သီလ၏ ဒုတိယအခြေခံသဘောသည် ကျွန်ုပ်တို့ ကြုံတွေ့ရ
တတ်သော ဤအခက်အခဲများ အုပ်စုကို စောင့်ကြပ်ဖယ်ရှားပေးနိုင်
သည်။

Last of all comes the most significant, and the one to which you will be preparing to proceed immediately after this, that is BHAVANA — meditation. BHAVANA means the training of the mind. The word itself etymologically means development—a further development of the mind.

နောက်ဆုံး လာရှိသော ဘဝလမ်းစဉ်၏ လမ်းညွှန်ချက်တစ်ရပ်
မှာ အထူးခြားဆုံးဖြစ်ပြီး ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် သင်ချက်ချင်း
ဆက်လုပ်ရန် ပြင်ဆင်ကောင်း ပြင်ဆင်နေမည်ဖြစ်သော **ဘာဝနာ** ခေါ်
တရားရှုပွားခြင်းပင် ဖြစ်သည်။ ဘာဝနာသည် စိတ်ကို လေ့ကျင့်ခြင်း
ဖြစ်၏။ ဤစကားလုံး၏ ပင်ကိုမူရင်း အဓိပ္ပာယ်မှာ ဖွံ့ဖြိုးတိုးတက်
စေခြင်း– စိတ်ကို ပို၍ ဖွံ့ဖြိုးတိုးတက်စေခြင်း ဖြစ်သည်။

The Buddha believed, and he is one of the earliest to state it in that manner, that everything emanates from the man's mind. The organization that I represent has as the preamble to its Constitution "As wars begin in the minds of men, it is in the minds of men that the defences of peace must be constructed." And that reflects the first line of the first verse of the DHAMMAPADA.

http://www.dhammadownload.com



အရာအားလုံးသည် လူ၏စိတ်မှ ပေါ်ထွက်လာသည်ဟု မြတ်စွာဘုရား ယုံကြည်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ဤနည်းဟန်ပုံစံဖြင့် ထုတ်ဖော်ပြောဆိုသည့် အစောဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေ၏။ ကျွန်ုပ် ကိုယ်စားပြုသော အဖွဲ့အစည်း ကမ္ဘာ့ကုလသမဂ္ဂသည် ၎င်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဤဆောင်ပုဒ်ကို ရေးသားထား၍ "စစ်ပွဲများသည် လူတို့၏ စိတ်ထဲ၌ စတင်ကြသဖြင့် လူတို့၏ စိတ်ထဲ၌ပင်လျှင် ငြိမ်းချမ်းရေး၏ ကာကွယ်မှု ခံတပ်များကို တည်ဆောက်ကြရမည်" ဤအချက်သည် ဓမ္မပဒ၌ လာသော ပထမဂါထာ၏ ပထမစာကြောင်းကို ရောင်ပြန်ဟပ်စေ၏။

**A pure mind, a trained mind, a well-developed mind, a mind that can be controlled at will, a mind that does not go on to subjects that are conducive to tension and boredom, but keeps alert, keeps on developing itself, discovering itself and within itself the secret of life, the problems of life and the reality of life, is man's greatest treasure.**

ဖြူစင်သော စိတ်၊ ဆောက်တည်လေ့ကျင့်ထားသော စိတ်၊ ကောင်းစွာ ဖွံ့ဖြိုးသော စိတ်၊ အလိုရှိတိုင်း ချုပ်ထိန်းနိုင်သော စိတ်၊ စိတ်တင်းကျပ်မှုနှင့် ငြီးငွေ့မှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းအရာများဆီသို့ ထွက်မသွားသော စိတ်၊ အစဉ်တစိုက် နိုးကြားနေပြီး ဆက်လက်ကာ မိမိတို့ ဖွံ့ဖြိုးနေစေသော စိတ်၊ မိမိကိုလည်းကောင်း၊ မိမိအတွင်း၌ရှိသည့် ဘဝလျှို့ဝှက်ချက် ဘဝပြဿနာများနှင့် ဘဝ၏ အမှန်တရားတို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိသော စိတ်သည် လူ၏ အကြီးကျယ်ဆုံးသော ရတနာသိုက်ဖြစ်သည်။

http://www.dhammadownload.com



I am not surprised today that there is almost a craze, in the highly technologically developed part of the world, for all types of meditation. It makes no difference who preaches what, or what philosophy or technique is adopted. But the fact remains that the people are beginning to realize that a moment of quiet contemplation, a moment of deep penetrative thinking, a moment of well-directed properly controlled functioning of the mind, is an essential thing for the well being of Man.

စက်မှုနည်းပညာ မြင့်မားစွာ တိုးတက်နေသော ကမ္ဘာကြီး၏ အစိတ်အပိုင်းတွင် လူတို့သည် ဘာဝနာရှုပွားနည်း အမျိုးမျိုးနောက်သို့ အရူးအမူးနီးပါးမျှ လိုက်စားနေကြသည်ကို ယနေ့ ကျွန်ုပ်တွေ့ရသည်မှာ မအံ့သြမိပါ။ မည်သူက မည်သည့်အရာကို ဟောပြောသည် သို့မဟုတ် မည်သည့်ဒဿနိက အမြင် သို့မဟုတ် နည်းနိဿယကို အသုံးပြုသည် ဟူသည်မှာ ခြားနားမှုကို မဖြစ်စေပါ။ အရေးကြီးသည့်အချက်မှာ ခေတ္တခဏမျှ တိတ်ဆိတ်စွာ တွေးခေါ်စဉ်းစားခြင်း၊ ခေတ္တခဏမျှ နက်ရှိုင်းစွာ ထိုးထွင်း၍ စဉ်းစားခြင်း၊ ခေတ္တခဏမျှ ကောင်းသော ဦးတည်ချက်ဖြင့် ကောင်းစွာချုပ်ထိန်းထားသော စိတ်၏ လုပ်ဆောင်ခြင်းတို့သည် လူသား၏ ကောင်းကျိုးချမ်းသာအတွက် မရှိမဖြစ် လိုအပ်သည့် အရာဖြစ်ကြောင်းကို လူအပေါင်းတို့ စတင်နားလည်သိမြင်လာသော အချက်ပင် ဖြစ်သည်။

2500 years ago the Buddha taught exactly the same way. And if there is nothing else that the

http://www.dhammadownload.com



man of today needs, he needs peace of mind. He wants to get away from his tensions and battle against boredom. And I see the answer in Buddhism, particularly in the three-fold path of DANA, SILA, BHĀVANĀ.

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ က ဗုဒ္ဓမြတ်စွာဘုရားသည် ဤတူညီသောလမ်းစဉ်ကိုပင် တိကျစွာသင်ပြပေးတော်မူခဲ့သည်။ အကယ်၍ ယနေ့လူသားတို့၏ လိုအပ်ချက်သည် အခြားဘာမျှမရှိတော့ဟု ဆိုလျှင် စိတ်ငြိမ်းချမ်းမှုကို သူလိုအပ်နေသည်ဟု ဆိုရမည်။ သူသည် သူ၏ စိတ်တင်းကျပ်မှုများမှ လွတ်မြောက်လိုပြီးလျှင် ငြီးငွေ့မှုကို တိုက်ခိုက်တွန်းလှန်လိုသည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာ၌ အဖြေကို တွေ့မြင်ရသည်၊ အထူးသဖြင့် **ဒါန၊ သီလ၊ ဘာဝနာ** သုံးမျိုး ပေါင်းစပ်ထားသည့် လမ်းစဉ်ပင် ဖြစ်ပါသည်။

***

http://www.dhammadownload.com

# အခန်း(၉)

## The Role of Buddhists

## ဗုဒ္ဓဝါဒီများ၏ အခန်းကဏ္ဍ

Look at the Buddha's own principle as the basis or beginning of his religious life. We hear of so many people who go from rags to riches, but here was the case of a man who went from riches to rags, in search of, we may say, peace of mind—that greatest of blessings.

ဗုဒ္ဓမြတ်စွာဘုရား၏ ဘာသာရေးဘဝကိုအစပျိုးပေးခဲ့သည့် သို့မဟုတ် အခြေခံ ချပေးခဲ့သည့် သူ၏ ကိုယ်ပိုင် အခြေခံမူဝါဒကို ကြည့်ပါ။ ကျွန်ုပ်တို့သည် ဆင်းရဲစုတ်ပြတ်နေသည့် ဘဝမှ ချမ်းသာကြွယ်ဝသော ဘဝသို့ ကူးပြောင်းသွားကြသော လူမြောက်မြားစွာတို့၏ အကြောင်းကို ကြားဖူးကြ၏။ သို့သော် ဤသည်ကား အကြီးကျယ်ဆုံး

http://www.dhammadownload.com



မင်္ဂလာတရားဖြစ်သော စိတ်၏ ငြိမ်းချမ်းခြင်းဟု ဆိုရမည့်တရားကို ရှာဖွေရန်အတွက် ချမ်းသာကြွယ်ဝသည့် ဘဝမှ ဆင်းရဲစုတ်ပြတ်သော ဘဝသို့ ကူးပြောင်းသွားသူ တစ်ယောက်၏ အကြောင်း ဖြစ်ပါသည်။

As a result, he saw for himself, then taught to others, that the great handicap, the source of all trouble, is attachment.

ဤသို့ ရှာဖွေခြင်း၏ အကျိုးတရားအဖြစ် စိတ်ငြိမ်းချမ်းခြင်း၏ ကြီးမားသော အဟန့်အတားနှင့် ဆင်းရဲခြင်းအားလုံး၏ အကြောင်းရင်း ဖြစ်သော တရားသည် တပ်မက်တွယ်တာခြင်း (လောဘ) ဖြစ်ကြောင်းကို သူကိုယ်တိုင် မြင်တွေ့ပြီးနောက် သူတစ်ပါးတို့အား ဟောပြောပေးတော်မူခဲ့သည်။

So, if somebody were to come today and say: "I can take you straight to NIBBANA this very minute," I think most of us will have lots of excuses to give. Someone will say, "Can't I wait till my daughter gets married?" Another might say, "Can't I wait till this World Fellowship of Buddhists General Conference is over?" "Can't I wait till I have finished my assignment in Bangkok?" We have our own preferred times when it comes to the ultimate goal.

ထို့ကြောင့် တစ်စုံတစ်ယောက်သောသူက ယနေ့လာရောက်ပြီး "ဒီအချိန်မိနစ်အတွင်းမှာပဲ သင်တို့ကို နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်မတ်မတ် ကျွန်ုပ် ပို့ဆောင်ပေးနိုင်တယ်"ဟု ပြောဆိုလျှင် ကျွန်ုပ်တို့အထဲက လူများစွာသည် ခွင့်လွှတ်ရန် ဆင်ခြေအမျိုးမျိုး ပေးကြလိမ့်မည်ဟု ကျွန်ုပ်

http://www.dhammadownload.com



ထင်ပါသည်။ တချို့က ပြောလိမ့်မည် "ကျွန်ုပ်ရဲ့သမီး မင်္ဂလာဆောင်ပြီးသည်အထိ ကျွန်ုပ် စောင့်ဆိုင်းနေလို့ မရဘူးလား"၊ အခြား တစ်ယောက်ကလည်း "ဒီကမ္ဘာ့ဗုဒ္ဓဘာသာ အသင်း အထွေထွေ ညီလာခံကြီး ပြီးဆုံးတဲ့အထိ ကျွန်ုပ် စောင့်ဆိုင်းလို့ မရဘူးလား" ဟု ပြောပေလိမ့်မည်။ အချို့ကလည်း "ဘန်ကောက်မြို့မှာ ကျွန်ုပ်ရဲ့ အလုပ် တာဝန် ပြီးဆုံးသည်အထိ စောင့်ဆိုင်းလို့မရဘူးလား" ဟု ပြောပေလိမ့်မည်။

နောက်ဆုံး ဘဝပန်းတိုင်သို့ သွားရောက်ရမည့်အချိန်သို့ ရောက်လာလျှင် ကျွန်ုပ်တို့သည် မိမိတို့၏ ကိုယ်ပိုင် အသီးသီး ပို၍နှစ်သက်သော အချိန်များ ရှိနေကြပါသည်။

Whatever be our decision as to reaching there, there is a point at which we have no escape. We cannot deny the fact that all modern developments have nothing to offer but insecurity and competitiveness as well as tensions and boredom associated with them.

ဘဝပန်းတိုင်သို့ ရောက်ရေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့ မည်သို့ ဆုံးဖြတ်ကြသည်ဖြစ်စေ၊ ကျွန်ုပ်တို့ ရှောင်တိမ်း၍ မရသော အချက်တစ်ချက် ရှိပေသည်။ ဤအချက်သည်ကား ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှုများသည် မလုံခြုံမှု ယှဉ်ပြိုင်မှုတို့နှင့် အတူ ၎င်းတို့နှင့် တွဲဖက်နေသည့် စိတ်တင်းကျပ်မှုများနှင့် ငြီးငွေ့မှုတို့အပြင် အခြား မည်သည့် အရာကိုမျှ ပေးဆောင်နိုင်စွမ်း မရှိခြင်းဟူသော အချက်ပင်တည်း။

Buddhism offers a few very simple and very efficacious methods to combat that. And with this I

http://www.dhammadownload.com



feel that Buddhism has a role to play in our life and a role in which we from the Buddhist countries have an important part to play.

ဗုဒ္ဓဝါဒသည် ဤအချက်ကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် အလွန် ရိုးရှင်းပြီး အလွန်အစွမ်းထက်မြက်သော နည်းအနည်းငယ်ကို ပေးဆောင်ပါ၏။ ဤနည်းတို့နှင့်အတူ ကျွန်ုပ်တို့၏ ဘဝတွင် ဗုဒ္ဓဝါဒ ပါဝင်ဆောင်ရွက်ရန် အခန်းကဏ္ဍရှိပြီးလျှင်၊ ဗုဒ္ဓဘာသာနိုင်ငံများမှ ကျွန်ုပ်တို့သည်လည်း အရေးကြီးသော ကဏ္ဍမှ ဆောင်ရွက်ကြရန် အခန်းကဏ္ဍရှိသည်ဟု ကျွန်ုပ်ခံစားမိပါသည်။

It is our responsibility to share our thinking, our knowledge, and our experience, with as many as possible, so that ultimately we all see that the message of the Buddha, which is meant for mankind, continues to reach mankind in every nook and corner of the world.

ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ ဗဟုသုတနှင့် အတွေ့အကြုံကို လူများနိုင်သလောက် အရေအတွက်များများနှင့် မျှဝေပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန် ဖြစ်သည်။ သို့မှသာလျှင် နောက်ဆုံး၌ လူသားများ အတွက် ရည်မှန်းထားသော မြတ်စွာဘုရား၏ အဆုံးအမသည် မှောင်ရိပ်ကျနေသော ကမ္ဘာ့နေရာအနှံ့အပြားရှိ လူသားများထံသို့ ဆက်လက်ရောက်ရှိနေသည်ကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ကြရမည်။

*****

http://www.dhammadownload.com

# ဒုတိယပိုင်း

# What Buddhists Believe

## အခန်း(၁၀)

## Modern Religion

## ခေတ်သစ် ကိုးကွယ်မှု ဘာသာ

*Buddhism is strong enough to face any modern views which pose a challenge to religion.*

***ဗုဒ္ဓဝါဒသည် ဘာသာတရားကို စိန်ခေါ်သော မည်သည့်ခေတ်သစ် အမြင်များကိုမဆို ရင်ဆိုင်ရန် လုံလောက်စွာ ကြံ့ခိုင်သည်။***

BUDDHIST ideas have greatly contributed to the enrichment of both ancient and modern thought. Its teaching of causation and relativism, its doctrine of sense data, its pragmatism, its emphasis on the moral, its non-acceptance of a permanent soul, its

http://www.dhammadownload.com



unconcern about external supernatural forces, its denial of unnecessary rites and religious rituals, its appeal to reasoning and experience and its compatibility with modern scientific discoveries all tend to establish its superior claim to modernity.

ဗုဒ္ဓဘာသာ၏ ယူဆချက်များသည် ခေတ်ဟောင်းနှင့်ခေတ်သစ် အတွေးအခေါ်များ၏ အရည်အသွေးမြင့်မားရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုခဲ့၏။ အကြောင်းအကျိုး ဆက်နွှယ်မှုနှင့် နှိုင်းယှဉ်မှုဆိုင်ရာ ၎င်း၏သင်ပြမှုများ၊ အာရုံအချက်အလက်များ ဆိုင်ရာ ၎င်း၏ တရားတော်များ၊ လက်တွေ့အမှန်တရားများကို အလေးထားမှု၊ ကိုယ်ကျင့်စာရိတ္တကို အလေးအနက်ထားမှု၊ ထာဝရတည်မြဲသော ဝိညာဉ်ကို လက်မခံမှု၊ ပြင်ပသဘာဝလွန် အင်အားများနှင့် မပတ်သက်မှု၊ မလိုအပ်သော ဘာသာရေးထုံးတမ်းဓလေ့များနှင့် ဘာသာရေးဝတ်ပြုမှုများကို ငြင်းပယ်မှု၊ ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံကို တောင်းဆိုမှုနှင့် ခေတ်သစ်တွေ့ရှိချက်များနှင့် လိုက်ဖက်ညီမှုအားလုံးတို့သည် ခေတ်မီသည်ဟု ၎င်း၏ အထက်တန်းကျသော အဆိုပြုခြင်းကို မှန်ကန်ကြောင်း အတည်ပြုပေးရာရောက်သည်။

Buddhism is able to meet all the requirements of a rational religion that suit the needs of the future world. It is so scientific, so rational, so progressive that it will be a pride for a man in the modern world to call himself a Buddhist. In fact, Buddhism is more scientific in approach than science; it is more socialistic than socialism.

http://www.dhammadownload.com



ဗုဒ္ဓဘာသာသည် အနာဂတ်ကမ္ဘာ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော အကြောင်းအကျိုး ဆင်ခြင်နိုင်သည့် ဘာသာတရား၏ လိုအပ်ချက်များ အားလုံးကို ဖြည့်စွက်ပေးနိုင်စွမ်းရှိ၏။ ဗုဒ္ဓဘာသာသည် အလွန်တရာ သိပ္ပံနည်းကျ၍ ဆင်ခြင်တုံတရားနှင့် အထူးပြည့်စုံကာ အလွန် တိုးတက်သော ဘာသာတရားဖြစ်သည့်အတွက် ခေတ်သစ်ကမ္ဘာတွင် မိမိကိုယ် မိမိ ဗုဒ္ဓဘာသာဝင်တစ်ဦးဟု ခေါ်ဆိုနိုင်သော လူ တစ်ယောက်အဖို့ အလွန်ဂုဏ်ယူစရာဖြစ်ပါသည်။ အမှန်တကယ်ပင် ဗုဒ္ဓဘာသာသည် ချဉ်းကပ်နည်း၌ သိပ္ပံပညာထက်ပို၍ သိပ္ပံနည်းကျပြီးလျှင် ဆိုရှယ်လစ်ဝါဒထက်လည်း ပြည်သူအများတို့အား ညီတူညီမျှ ခံစားခွင့် ရှိအောင် ပို၍စွမ်းဆောင်ပေးနိုင်ပါသည်။

Among all the great founders of religions, it was the Buddha alone who encouraged the spirit of investigation among His followers and who advised them not to accept even His Teaching with blind faith. Therefore, it is no exaggeration to say that Buddhism can be called a modern religion.

ကြီးကျယ်ထင်ရှားသော ဘာသာတရား တည်ထောင်သူများ အနက် ဗုဒ္ဓမြတ်စွာဘုရား တစ်ဆူသာလျှင် သူ၏ တပည့်သာဝကများအား စူးစမ်းလေ့လာတတ်သော စိတ်ဓာတ် ရှိလာအောင် မြေတောင်မြှောက်ပေးတော်မူ၏။ သူ၏ ဟောပြချက်များကိုပင်လျှင် မျက်ကန်းယုံကြည်မှုဖြင့် လက်မခံရန် ဩဝါဒပေးတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာကို 'ခေတ်သစ် ဘာသာတရားတစ်ခု' အဖြစ် သတ်မှတ်နိုင်သည်ဟု ပြောဆိုခြင်းသည် ချဲ့ကား၍ ပြောဆိုခြင်း အလျဉ်းမဟုတ်ပေ။

Buddhism is a well-elaborated scheme of how

http://www.dhammadownload.com



to lead a practical life and a carefully thought-out system of self-culture. But more than that, it is a scientific method of education. This religion is best able in any crisis to restore our peace of mind and to help us to face calmly whatever changes the future may have in store.

ဗုဒ္ဓဝါဒသည် လက်တွေ့ဘဝကို ကောင်းစွာ နေထိုင်သွားနိုင်ရန်အတွက် အသေးစိတ် ဂရုတစိုက် ဟောကြားထားသည့် စနစ်တစ်ခုဖြစ်သည်။ မိမိတို့ဘာသာ ယဉ်ကျေးသိမ်မွေ့စေသော ကောင်းစွာ မြော်မြင် တွေးခေါ်ထားသည့် စနစ်တစ်ခုလည်း ဖြစ်သည်။ ထိုမျှသာမကသေး၊ ဗုဒ္ဓဝါဒသည် သိပ္ပံနည်းကျသော ပညာရေးနည်းစနစ်တစ်ခုလည်းဖြစ်ပါသည်။ ဤဘာသာရေးတရားသည် မည်သည့်အရေးအကြောင်းကိစ္စ၌မဆို ကျွန်ုပ်တို့၏ စိတ်ငြိမ်းချမ်းမှုကို အကောင်းဆုံးလည်း ထိန်းသိမ်းနိုင်စွမ်း ရှိသည်။ နောင်အနာဂတ်တွင် မည်သည့်ပြောင်းလဲမှုများ ရှိသည်ဖြစ်စေ၊ ကျွန်ုပ်တို့အား ထိုပြောင်းလဲမှုများကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ရန် အကောင်းဆုံး ကူညီပေးနိုင်စွမ်း ရှိသည်။

Without sensual pleasure, would life be endurable? Without belief in immortality, can man be moral? Without resorting to divinity, can man advance towards righteousness? YES, is the answer given by Buddhism. These ends can be attained by knowledge and by the purification of the mind. Knowledge is the key to the higher path. Purification is that which brings calmness and peace to life and renders man indifferent to and detached from the

http://www.dhammadownload.com



vagaries of the phenomenal world.

ကာမဂုဏ် ပျော်ရွှင်မှု မပါဘဲနှင့် ဘဝသည် ကြွကြွခိုင်ခိုင်စွမ်းရှိပါမည်လား။ ဝိညာဉ် ထာဝရရှင်သန်တည်မြဲခြင်းကို မယုံကြည်ဘဲ လူသည် စာရိတ္တကောင်းသူတစ်ဦး ဖြစ်လာနိုင်ပါမည်လား။ နတ်ဘုရားကို အားမကိုးဘဲ လူသားသည် မှန်ကန်တရားမျှတခြင်းသို့ တိုးတက်သွားနိုင်ပါမည်လား။ ဟုတ်ကဲ့ဟု ဗုဒ္ဓဘာသာက ဖြေဆိုပါသည်။ ဤရည်ရွယ်ချက်များကို အသိပညာနှင့် စိတ်ဖြူစင်စေမှုတို့ဖြင့် ရရှိနိုင်ပါသည်။ အသိပညာသည် ပို၍မြင့်မားသော လမ်းစဉ်သို့ တက်လှမ်းရန် သော့ချက်ဖြစ်၏။ စိတ်ကို ဖြူစင်စေခြင်းသည် ဘဝတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ပေးဆောင်ပြီးလျှင် အာရုံသိဖြင့် မြင်တွေ့ ထိတွေ့ရသော ဖြစ်ပျက် ကမ္ဘာကြီး၏ ထူးခြားဆန်းကြယ်သည့် စိတ်ကူးစိတ်သန်းများကို လူသားများ လျစ်လျူရှုနိုင်ကြရန်နှင့် မတပ်မက် မတွယ်စေရန် ပြုလုပ်ပေးနိုင်၏။

Buddhism is truly a religion suited to the modern, scientific world. The light which comes from nature, from science, from history, from human experience, from every point of the universe, is radiant with the Noble Teachings of the Buddha.

ဗုဒ္ဓဘာသာသည် အမှန်ပင် ခေတ်သစ်သိပ္ပံကမ္ဘာနှင့် လျော်ညီသော ဘာသာတရားတစ်ခုဖြစ်၏။ သဘာဝမှ သိပ္ပံပညာမှ သမိုင်းမှ လူသားတို့၏ အတွေ့အကြုံမှ စကြဝဠာ၏ ထောင့်စွန်းတိုင်းမှ ထွက်လာသော အလင်းရောင်သည် ဗုဒ္ဓမြတ်စွာ၏ မြင့်မြတ်သော သင်ကြားမှုများနှင့် ထွန်းတောက်လျက် ရှိပါသည်။

***

http://www.dhammadownload.com

# အခန်း(၁၁)

## Religion in a Scientific Age

## သိပ္ပံခေတ်မှ ဘာသာတရား

*Religion without science is crippled, while science without religion is blind.*

*သိပ္ပံပညာနှင့် မယှဉ်စပ်နိုင်သော ဘာသာတရားသည် မသန်စွမ်းသူနှင့် တူပြီး ဘာသာတရား မပါသော သိပ္ပံပညာသည် မျက်စိကန်းသူနှင့် တူ၏။*

TODAY we live in a scientific age in which almost every aspect of our lives has been affected by science. Since the scientific revolution during the seventeenth century, science has continued to exert tremendous influence on what we think and do.

http://www.dhammadownload.com



ယနေ့ ကျွန်ုပ်တို့သည် သိပ္ပံခေတ်တွင် နေထိုင်လျက်ရှိကြသည်။ ကျွန်ုပ်တို့၏ ဘဝရှုထောင့်အားလုံးလိုလိုပင်လျှင် သိပ္ပံ၏ ဩဇာလွှမ်းမိုးခြင်းကို ခံနေကြရသည်။ တစ်ဆယ့်ခုနစ် ရာစုအတွင်း သိပ္ပံတော်လှန်ရေး ဖြစ်ပေါ်ပြီးခဲ့သည့်အချိန်မှစ၍ သိပ္ပံသည် ကျွန်ုပ်တို့၏ စိတ်ကူး အကြံအစည်နှင့် အပြုအမူများအပေါ်တွင် အလွန်ကြီးမားသော လွှမ်းမိုးမှုဖြင့် စဉ်ဆက်မပြတ် လွှမ်းမိုးနိုင်ခဲ့၏။

The *impact of science* has been particularly strong on traditional religious beliefs. Many basic religious concepts are crumbling under the pressure of modern science and are no longer acceptable to the intellectual and the well-informed man. No longer is it possible to assert truth derived merely through theological speculations or based on the authority of religious scriptures in isolation to scientific consideration. For example, the findings of modern psychologists indicate that the human mind, like the physical body, work according to natural, causal laws without the presence of an unchanging soul as taught by some religions.

အစဉ်အလာ ဘာသာတရားယုံကြည်မှုများအပေါ်သို့ ကျရောက်သော သိပ္ပံ၏ အားကြီးသည့် အကျိုးသက်ရောက်မှုသည် အထူးသဖြင့် ပြင်းထန်လှ၏။ ခေတ်သစ် သိပ္ပံ၏ ဖိအားအောက်တွင် အခြေခံ ဘာသာရေး အယူအဆများစွာတို့သည် ပြိုကွဲနေကြ၏။ ထိုအယူအဆများကို အသိဉာဏ်ရှိပြီး ကောင်းစွာ သိနားလည်သူတို့က လက်မခံကြတော့

http://www.dhammadownload.com



ချေ။ သိပ္ပံနည်းကျ ဆင်ခြင်သုံးသပ်မှု မပြုဘဲ ထာဝရဘုရားသခင် ဆိုင်ရာ လေ့လာမှုပညာ၏ မှန်းဆချက်များဖြင့်လည်းကောင်း၊ ဘာသာရေး ကျမ်းစာများ၏ အခွင့်အာဏာဖြင့်လည်းကောင်း အမှန်တရားကို အလေးအနက် ပြောဆိုရန် မဖြစ်နိုင်တော့ချေ။ ဥပမာဆိုသော် လူတို့၏ စိတ်သည် ရုပ်ခန္ဓာကိုယ် နည်းတူ အချို့ဘာသာတရားများက သင်ကြားပေးထားသလို မပြောင်းလဲသော ဝိညာဉ် မပါရှိဘဲ သဘာဝ အကြောင်းတရားများနှင့်အညီ အလုပ်လုပ်နေကြောင်းကို ခေတ်သစ် စိတ်ပညာရှင်များ၏ တွေ့ရှိချက်များက ညွှန်ပြလျက်ရှိသည်။

Some religionists choose to disregard scientific discoveries which conflict with their religious dogmas. Such rigid mental habits are indeed a hindrance to human progress. Since the modern man refuses to believe anything blindly, even though it had been traditionally accepted, such religionists will only succeed in increasing the rank of non-believers with their faulty theories.

အချို့ ဘာသာရေးပညာရှင်များသည် သူတို့၏ ဘာသာရေးတရားသေ အယူဝါဒများနှင့် မကိုက်ညီသော သိပ္ပံတွေ့ရှိချက်များကို မျက်ကွယ်ပြုလိုကြသည်။ ထိုသို့ မာကျောတင်းကျပ်သော စိတ်အလေ့အကျင့်သည် လူသားတို့၏ တိုးတက်မှုကို အမှန်တကယ် အဟန့်အတား ဖြစ်စေသည်။ ခေတ်သစ်လူသားသည် မည်သည့်အရာကို မဆို အစဉ်အလာအရ လက်ခံထားစေကာမူ မျက်ကန်းယုံကြည်ရန် ငြင်းဆန်သည်။ သို့ဖြစ်၍ ထိုသို့သော ဘာသာတရားသည် သူတို့၏ မှားယွင်းသော သီအိုရီသဘောတရားများကို ဖြန့်ချိရန် ကြိုးစားနေလျှင်

http://www.dhammadownload.com



မယုံကြည်သူ လူတန်းစားကို တိုးပွားစေခြင်းလောက်သာ စွမ်းနိုင်ပေလိမ့်မည်။

On the other hand, some religionists have found it necessary to accommodate popularly accepted scientific theories by giving new interpretations to their religious dogmas. A case in point is Darwin's Theory of Evolution. Many religionists maintain that man was directly created by God. Darwin, on the other hand, claimed that man had evolved from the ape, a theory which upset the doctrines of divine creation and the fall of man. Since all enlightened thinkers have accepted Darwin's theory, the theologians today have little choice except to give a new interpretation to their doctrines to suit this theory which they had opposed for so long.

အခြားတစ်ဖက်တွင်မူ ဘာသာရေးသမားအချို့သည် သူတို့၏ ဘာသာရေး တရားသေ အယူဝါဒများကို အသစ်တစ်ဖန် အဓိပ္ပာယ်သတ်မှတ်ခြင်းဖြင့် လူအများက လက်ခံထားသော သိပ္ပံအယူအဆများကို နေရာပေးရန် လိုအပ်ကြောင်း တွေ့ရှိလာကြသည်။ အကြောင်းတိုက်ဆိုင်နေသည့် သာဓကတစ်ရပ်မှာ **ဒါဝင်၏ ဆင့်ကဲပြောင်းလဲ တိုးတက်ခြင်းသီအိုရီ**- အဆိုအမိန့်ဖြစ်၏။ ဘာသာရေးသမား များစွာတို့သည် လူကို ဘုရားသခင်က တိုက်ရိုက်ဖန်ဆင်းထားသည်ဟု လက်ခံယုံကြည်ကြ၏။ ဤအဆိုနှင့် ဆန့်ကျင်၍ ဒါဝင်က လူသည် မျောက်ဝံမှတစ်ဆင့် ဆင့်ကဲ ပြောင်းလဲ၍ တိုးတက်လာသည်ဟု ဆို၏။ ဤအဆို

http://www.dhammadownload.com



သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းတရားတော်နှင့် လူသား၏ လျှော့ကျခြင်းတရားတော်တို့ကို ကမောက်ကမ ဖြစ်စေသည်။ အသိဉာဏ်ပွင့်လင်းသော တွေးခေါ်ရှင်များအားလုံးက ဒါ၀င်၏ သီအိုရီကိုလက်ခံကြသဖြင့် ထာဝရဘုရားသခင်ဆိုင်ရာ ပညာကို ကျွမ်းကျင်သူများ အနေဖြင့် သူတို့ကြာရှည်စွာ ဆန့်ကျင်ခဲ့ကြသော ဒါ၀င်သီအိုရီနှင့် ကိုက်ညီအောင် သူတို့၏ တရားတော်များကို ယနေ့ အသစ်တစ်ဖန်အဓိပ္ပာယ်ဖွင့်ဆိုရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိတော့ချေ။

In the light of modern scientific discoveries, it is not difficult to understand that many of the views held in many religions regarding the universe and life are merely conventional thoughts of that which have long been superceded.

ခေတ်သစ် သိပ္ပံတွေ့ရှိချက်များ၏ အလင်းရောင်အောက်တွင် စကြဝဠာနှင့် ဘဝတို့နှင့်သက်ဆိုင်သော ဘာသာတရားများစွာက လက်ခံထားကြသည့် အယူအဆများစွာတို့သည် အစဉ်အလာ တွေးခေါ်ချက်များသာ ဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန် မခဲယဉ်းတော့ချေ။ ဤအစဉ်အလာ တွေးခေါ်ချက်များသည် အချိန်ကာလ ကြာမြင့်စွာကတည်းကပင် ဖယ်ရှားအစားထိုးခြင်း ခံခဲ့ကြရသည်။

It is generally true to say that religions have greatly contributed to human development and progress. They have laid down values and standards and formulated principles to guide human life. But for all the good they have done, religions can no longer survive in the modern, scientific age if the

http://www.dhammadownload.com



followers insist on imprisoning truth into set forms and dogmas, on encouraging ceremonies and practices which have been depleted of their original meaning.

ဘာသာတရားများသည် လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကျယ်စွာ အထောက်အကူပေးခဲ့သည်မှာ ယေဘုယျအားဖြင့် မှန်ကန်ပါသည်။ ၎င်းတို့သည် လူသားတို့၏ဘဝကို လမ်းညွှန်ရန် အတွက် တန်ဖိုးများနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ပေးပြီးနောက် အခြေခံ သဘောတရားများကို ချမှတ်ပေးခဲ့ကြသည်။ ထိုသို့ ကောင်းကျိုး များစွာကို ပြုလုပ်ပေးခဲ့သော်လည်း ထိုဘာသာတရားတို့ကို ကိုးကွယ်သော သူများက အမှန်တရားကို မူသေပုံစံများနှင့် တရားသေဝါဒများအကြား၌ အကျဉ်းချထား၍ မူလအဓိပ္ပာယ် ကွယ်ပျောက်သွားပြီး ဖြစ်သော ဘာသာရေးပွဲများနှင့် အလေ့အကျင့်များကို အားပေးနေကြမည်ဆိုလျှင် ထိုဘာသာတရားတို့သည် သိပ္ပံခေတ်သစ်တွင် ရှင်သန်ရပ်တည်နေနိုင်တော့မည် မဟုတ်ပါ။

### (a) Buddhism and Science

### (က) ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ

Until the beginning of the last century, Buddhism was confined to countries untouched by modern science. Nevertheless, from its very beginning, the Teachings of the Buddha were always open to scientific thinking.

လွန်ခဲ့သော ရာစုနှစ်၏ အစဦးပိုင်း အချိန်အထိ ဗုဒ္ဓဘာသာသည် ခေတ်သစ် သိပ္ပံပညာနှင့် ထိတွေ့မှုမရှိသော တိုင်းနိုင်ငံများအတွင်း၌

သာ ကန့်သတ်ခံနေရ၏။ သို့ပါသော်လည်း ၎င်း၏ မူလအစကတည်းကပင်လျှင် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် သိပ္ပံအတွေးအခေါ်ကို အစဉ် ဖိတ်ခေါ်လျက်ရှိသည်။

One reason why the Teaching can easily be embraced by the scientific spirit is that the Buddha never encouraged rigid, dogmatic belief. He did not claim to base His Teachings on faith, belief, or divine revelation, but allowed great flexibility and freedom of thought.

ဗုဒ္ဓတရားတော်ကို သိပ္ပံစိတ်ဓာတ်နှင့် လွယ်လင့်တကူ ထွေးပိုက်စေနိုင်သော အကြောင်းတစ်ရပ်မှာ ဗုဒ္ဓမြတ်စွာသည် တင်းကျပ်တောင့်မာသည့် တရားသေယုံကြည်မှုကို မည်သည့်အခါမျှ အားမပေးသောကြောင့် ဖြစ်၏။ သူ၏ တရားတော်များကို ယုံကြည်မှု၊ အယူအဆနှင့် ထာဝရဘုရားသခင်၏ ဖွင့်ဟထုတ်ဖော်ပြခြင်းတို့အပေါ်တွင် အခြေခံထားသည်ဟု သူ မိန့်ဆိုခြင်း မပြုဘဲ အလွယ်တကူ ပြုပြင်ပြောင်းလဲနိုင်မှုနှင့် အတွေးအခေါ် လွတ်လပ်မှုတို့အတွက် အခွင့်အလမ်းများစွာ ပေးထား၏။

The second reason is that the scientific spirit can be found in the Buddha's approach to spiritual Truth. The Buddha's method for discovering and testing spiritual Truth is very similar to that of the scientist. A scientist observes the external world objectively, and would only establish a scientific theory after conducting many successful practical experiments.

http://www.dhammadownload.com



ဒုတိယအကြောင်းမှာ ဗုဒ္ဓမြတ်စွာ၏ ဘာသာရေး အမှန်တရားသို့ ချဉ်းကပ်မှု၌ သိပ္ပံစိတ်နေသဘောထားကို မြင်တွေ့ရခြင်း ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ဘာသာရေးအမှန်တရားကို ရှာဖွေတွေ့ရှိသောနည်းနှင့် စမ်းသပ်နည်းတို့သည် သိပ္ပံပညာရှင်တို့၏ နည်းနှင့် အလွန်ဆင်တူပါသည်။ သိပ္ပံပညာရှင်တစ်ဦးသည် ပြင်ပကမ္ဘာလောကကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ပြီးနောက် အောင်မြင်သော လက်တွေ့စမ်းသပ်ချက်မြောက်မြားစွာကို ပြုလုပ်ပြီးမှသာလျှင် သိပ္ပံသီအိုရီတစ်ရပ်ကို တည်ထောင်လိမ့်မည်။

Using a similar approach 25 centuries ago, the Buddha observed the inner world with detachment, and encouraged His disciples not to accept any teaching until they had critically investigated and personally verified its truth. Just as the scientist today would not claim that his experiment cannot be duplicated by others, the Buddha did not claim that His experience of Enlightenment was exclusive to Him.

လွန်ခဲ့သော ၂၅ ရာစုက ယင်းနည်းလမ်းနှင့် ဆင်တူသော ချဉ်းကပ်နည်းကို အသုံးပြု၍ ဗုဒ္ဓမြတ်စွာသည် အတွင်းကမ္ဘာကို တပ်မက်တွယ်တာမှု မပါဘဲ ဆန်းစစ်ကြည့်ရှုခဲ့၏။ သူ၏ တပည့်သာဝကများကို မည်သည့်သင်ကြားမှုကိုမဆို သူတို့အတွင်းကျကျ ဝေဖန်ဆန်းစစ်၍ ကိုယ်တိုင် မှန်ကန်ကြောင်း သက်သေမပြနိုင်သေးသမျှ ကာလပတ်လုံး လက်မခံရန် တိုက်တွန်းတော်မူ၏။ ယနေ့သိပ္ပံပညာရှင်များသည် သူတို့၏ လက်တွေ့စမ်းသပ်ချက်များကို အခြားသူတို့က ထပ်တူမပြု

http://www.dhammadownload.com



လုပ်နိုင်ဟု မပြောဆိုကြသည့်နည်းတူ၊ ဗုဒ္ဓမြတ်စွာသည်လည်း သူ၏ ဉာဏ်အမြင် ပွင့်လင်းခြင်း အတွေ့အကြုံ(ဝါ) မဂ်ဖိုလ်အတွေ့အကြုံကို သူတစ်ဦးတည်းသာ သိနားလည်နိုင်သည်ဟု မိန့်ဆိုတော်မမူခဲ့ပါ။ ဗောဓိ ဉာဏ်ကြီးကို သူတစ်ဦးသာ ပိုင်သည်ဟုလည်း မိန့်ဆိုတော်မမူခဲ့ပါ။

Thus, in His approach to Truth, the Buddha was as analytical as the present-day scientist. He established a practical, scientifically worked-out method for reaching the Ultimate Truth and the experience of Enlightenment.

သို့ဖြစ်၍ အမှန်တရားဆီသို့ ချဉ်းကပ်သောသူ၏ နည်းတွင် ဗုဒ္ဓမြတ်စွာဘုရားသည် ယနေ့သိပ္ပံပညာရှင်ကဲ့သို့ပင် အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ လေ့လာတော်မူ၏။ အဆုံးစွန် အမှန်တရားနှင့် မဂ်ဖိုလ်အတွေ့အကြုံကို ရရှိစေနိုင်သော သိပ္ပံနည်းကျ စမ်းသပ်ထားပြီးသည့် လက်တွေ့လမ်းစဉ်ကို မြတ်စွာဘုရားတည်ထောင်ပေးတော်မူခဲ့သည်။

While Buddhism is very much in line with the scientific spirit, it is *not correct to equate* Buddhism with science. It is true that the practical applications of science have enabled mankind to live more comfortable lives and experience wonderful things undreamed of before. Science has made it possible for man to swim better than the fishes, fly higher than the birds, and walk on the moon. Yet the sphere of knowledge acceptable to conventional, scientific

http://www.dhammadownload.com



wisdom is confined to empirical evidence. And scientific truth is subject to constant change. Science cannot give man control over his mind and neither does it offer moral control and guidance. Despite its wonders, science has indeed many limitations not shared by Buddhism.

ဗုဒ္ဓဝါဒသည် သိပ္ပံစိတ်နှင့် အလွန်တရာ ကိုက်ညီသည်ဟု ဆိုခဲ့ပြားသော်လည်း ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့် အတူတူပဲဟု ကောက်ချက်ချလျှင် မမှန်ကန်ပါ။ သိပ္ပံ၏ လက်တွေ့အသုံးချမှုများသည် လူသားတို့အား ပို၍သက်သောင့်သက်သာ နေနိုင်စေပြီးလျှင် ယခင်က အိပ်မက်မျှပင် မမက်ခဲ့ဖူးသော အံ့ဩဖွယ်ရာ အရာများစွာကို ခံစားစေနိုင်သည်မှာ မှန်ပါ၏။ သိပ္ပံသည် လူသားအား ငါးထက်ပို၍ ကောင်းမွန်စွာ ကူးသန်းနိုင်အောင်၊ ငှက်များထက်ပို၍ မြင့်မားစွာ ပျံသန်းနိုင်အောင်၊ လကမ္ဘာပေါ်တွင် လမ်းလျှောက်နိုင်အောင် အကျိုးဆောင်ပေးခဲ့၏။ သို့ပါသော်လည်း အစဉ်အလာ သိပ္ပံအသိဉာဏ်က လက်ခံထားသော အသိပညာနယ်ပယ်သည် လက်တွေ့စမ်းသပ်၍ သိရှိရသော အထောက်အထားများလောက်သာ ကျယ်ပြန့်၏။ ထို့အပြင် သိပ္ပံအမှန်သဘောသည် အမြဲတစေ ပြောင်းလဲတတ်၏။ သိပ္ပံသည် လူသားအား သူ၏စိတ်ကို ထိန်းချုပ်နိုင်အောင် မစွမ်းဆောင်ပေးနိုင်ပါ။ သိက္ခာစာရိတ္တပိုင်းဆိုင်ရာ ထိန်းချုပ်မှုနှင့် လမ်းညွှန်မှုတို့ကိုလည်း သိပ္ပံက မချမှတ်ပေးနိုင်ပါ။ ၎င်း၏ အံ့ဩဖွယ်ရာများနှင့် ဆန့်ကျင်လျက် သိပ္ပံပညာသည် ဗုဒ္ဓဘာသာ၌ မရှိသော ကန့်သတ်ချက်များစွာကို အမှန်ပင် လက်ခံထားရ၏။

http://www.dhammadownload.com



## (b) Limitations of Science

## (ခ) သိပ္ပံပညာ၏ ကန့်သတ်ချက်များ

Often one hears so much about science and what it can do, and so little about what it cannot do. Scientific knowledge is *limited* to the data received through the sense organs. It does not recognise reality which transcends sense-data. Scientific truth is built upon logical observations of sense-data which are continually changing. Scientific truth is, therefore, relative truth not intended to stand the test of time. And a scientist, being aware of this fact, is always willing to discard a theory if it can be replaced by a better one.

မကြာခဏပင်လျှင် ကျွန်ုပ်တို့သည် သိပ္ပံအကြောင်းနှင့် သိပ္ပံက ပြုလုပ်ပေးနိုင်သော အကြောင်းအရာများကို ကြားနေကြရသည်။ သိပ္ပံက မပြုလုပ်ပေးနိုင်သော အကြောင်းအရာများကိုကား အနည်းအကျဉ်းသာ ကြားကြရ၏။ သိပ္ပံအသိပညာသည် အာရုံသိအင်္ဂါများမှ တစ်ဆင့် လက်ခံရရှိသော အချက်အလက်များလောက်အထိသာ ကျယ်ပြန့်၏။ အာရုံသိ အချက်အလက်များကို ကျော်လွန်သော အမှန်တရားကို သိပ္ပံက အသိအမှတ်မပြုပါ။ သိပ္ပံအမှန်သဘောသည် အမြဲတစေ ပြောင်းလဲနေသော အာရုံသိ အချက်အလက်များကို ယုတ္တိဗေဒနည်းကျ ဆန်းစစ်သိရှိရမှုများအပေါ်တွင် တည်ဆောက်ထားသည်။ ထို့ကြောင့် သိပ္ပံအမှန်သဘောသည် နှိုင်းဆအမှန်သဘော (သမုတိသစ္စာ) သာဖြစ်၍ အချိန်ကာလ၏ စမ်းသပ်မှုကို ခံယူနိုင်ရန် လူတို့ကြံရွယ်

http://www.dhammadownload.com



ထားခြင်း မရှိချေ။ ဤအချက်ကို သိရှိထားသော သိပ္ပံပညာရှင်သည် သိအိုရီ(ဝါ)အဆိုတစ်ရပ်ကို ယင်းထက် ပိုမိုကောင်းမွန်သော အဆိုတစ်ရပ်နှင့် အစားထိုးနိုင်သည်နှင့် တစ်ပြိုင်နက် ပစ်ပယ်လိုက်ရန် အမြဲလိုလားလျက်ရှိ၏။

Science attempts to understand the outer world and has barely scratched the surface of man's inner world. Even the science of psychology has not really fathomed the underlying cause of man's mental unrest. When a man is frustrated and disgusted with life, and his inner world is filled with disturbances and unrest, science today is very much unequipped to help him. The social sciences which cater for man's environment may bring him a certain degree of happiness. But unlike an animal man requires more than mere physical comfort and needs help to cope with his frustrations and miseries arising from his daily experiences.

သိပ္ပံသည် ပြင်ပ ကမ္ဘာလောကကို သိနားလည်ရန် ကြိုးပမ်းနေပြီးလျှင် လူသား၏အတွင်းကမ္ဘာ၏ မျက်နှာပြင်ကို မကုတ်ခြစ်မိသလောက် ရှိနေပေသေး၏။ စိတ်ပညာဆိုင်ရာ သိပ္ပံသည်ပင်လျှင် လူသား၏ စိတ် မငြိမ်သက်ရသည့် အကြောင်းရင်းကို အမှန်တကယ် မထောက်လှမ်းနိုင်သေးပေ။ လူတစ်ယောက်သည် ဘဝကို မချင့်မရဲဖြစ်၍ ရွံမုန်းနေသည့်အခါ သူ၏အတွင်းကမ္ဘာသည် အနှောင့်အယှက်များ၊ မတည်ငြိမ်မှုများနှင့် ပြည့်နှက်လျက်ရှိသည်။ ယနေ့သိပ္ပံသည် ထို

http://www.dhammadownload.com



သူအား ဤအခက်အခဲများကို ကူညီနိုင်ရန် ကိရိယာတန်ဆာ တပ်ဆင်ထားခြင်း အလျဉ်းမရှိပါ။ လူ၏ ပတ်ဝန်းကျင်အတွက် လိုအပ်ချက်များကို စီစဉ်ပံ့ပိုးသော လူမှုရေးသိပ္ပံများသည်လည်း ထိုသူအား ပျော်ရွှင်မှုကို အတိုင်းအတာတစ်ခုအထိ ယူဆောင်ပေးနိုင်ပါလိမ့်မည်။ သို့ရာတွင် တိရစ္ဆာန်တစ်ကောင်နှင့် မတူညီသော အချက်မှာ လူသည် ကိုယ်ချမ်းသာထက် ပိုမို၍ သူ၏ နေ့စဉ်အတွေ့အကြုံများမှ ပေါ်ပေါက်လာသော မချင့်မရဲဖြစ်ခြင်းများနှင့် ဆင်းရဲဒုက္ခများကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်ရန်အတွက် အကူအညီလိုအပ်နေသေးသည်။

Today so many people are plagued with fear, restlessness, and insecurity. Yet science fails to succour them. Science is unable to teach the common man to control his mind when he is driven by the animal nature that burns within him.

ယနေ့လူများစွာတို့သည် ကြောက်ရွံ့ခြင်း၊ စိတ်မတည်ငြိမ်ခြင်းနှင့် လုံခြုံမှု မရှိခြင်းတို့ကြောင့် ခဏမစဲ စိတ်ဆင်းရဲနေကြသည်။ သို့ပါသော်လည်း သိပ္ပံက သူတို့ကို အချိန်မီ ကူညီရန် ပျက်ကွက်ခဲ့သည်။ သိပ္ပံသည် သာမန်လူတစ်ယောက်ကို သူ၏ သဏ္ဍာန်၌ လောင်မြိုက်နေသည့် တိရစ္ဆာန်သဘာဝနှင့် လွှမ်းမိုးခံနေရသောအခါ သူ၏ စိတ်ကို ထိန်းချုပ်တတ်ရန် သင်ပြပေးနိုင်စွမ်း မရှိပါ။

Can science make man better? If it can, why do violent acts and immoral practices abound in countries which are so advanced in science? Isn't it fair to say that despite all the scientific progress achieved and the advantages conferred on man, science leaves

http://www.dhammadownload.com



the inner man basically unchanged: it has only heightened man's feelings of dependence and insufficiency? In addition to its failure to bring security to mankind, science has also made everyone feel even more insecure by threatening the world with the possibility of wholesale destruction.

သိပ္ပံသည် လူကို ပို၍ကောင်းအောင် ပြုလုပ်ပေးနိုင်သလား။ ပြုလုပ်ပေးနိုင်သည်ဆိုလျှင် သိပ္ပံပညာ အလွန်တိုးတက်နေသော နိုင်ငံများ၌ အကြမ်းဖက်မှုများနှင့် ကိုယ်ကျင့်တရား ဖောက်ပြန်သည့် အလေ့အကျင့်များသည် အဘယ့်ကြောင့် အလွန်များပြားနေရသနည်း။ ရရှိထားသော သိပ္ပံတိုးတက်မှုအားလုံးနှင့် လူသားအား ပေးအပ်သည့် အကျိုးတရားများကို ဆန့်ကျင်လျက် သိပ္ပံပညာသည် အတွင်းလူသားကို အခြေခံအားဖြင့် ပြောင်းလဲစေခြင်း မရှိပါဟု ဆိုလျှင် မှုတ ရာ မရောက်ပေဘူးလား။ သိပ္ပံသည် မှီခိုအားထားမှုနှင့် မလုံလောက်မှုဟူသော လူသား၏ ခံစားချက်များကို တိုးမြှင့်လာအောင်သာ စွမ်းဆောင်နိုင်ခဲ့သည်ဟု မဆိုနိုင်ပေဘူးလား။ လူသားတို့အား လုံခြုံမှု ပေးဆောင်ရန် ပျက်ကွက်ရုံသာမက သိပ္ပံသည် အစုလိုက် အပြုံလိုက် သေကြေပျက်စီးခြင်းကို စွမ်းဆောင်နိုင်သည်ဟူသောအချက်ဖြင့် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့်အတွက် လူတိုင်းကို ပို၍ မလုံခြုံသော ခံစားမှု ဖြစ်ပေါ်အောင်လည်း လုပ်ဆောင်ခဲ့ပေ၏။

Science is *unable* to provide a meaningful purpose of life. It cannot provide man clear reasons for living. In fact, science is thoroughly secular in nature and unconcerned with man's spiritual goal.

http://www.dhammadownload.com



The materialism inherent in scientific thought denies the psyche goals higher than material satisfaction. By its selective theorizing and relative truths, science disregards some of the most essential issues and leaves many questions unanswered. For instance, when asked why great inequalities exist among men, no scientific explanation can be given to such questions which are beyond its narrow confines.

သိပ္ပံသည် အဓိပ္ပာယ်ရှိသော ဘဝရည်ရွယ်ချက်ကို ပေးအပ်ရန် မစွမ်းနိုင်ပါ။ လူသားအား အသက်ရှင်နေထိုင်ခြင်းအတွက် ရှင်းလင်းပြတ်သားသည့် အကြောင်းများကိုလည်း မပေးအပ်နိုင်ပါ။ အမှန်တွင်လည်း သိပ္ပံသည် ပင်ကိုသဘာဝအားဖြင့် ဘာသာရေးနှင့် လုံးလုံးလျားလျား မသက်ဆိုင်ဘဲ လူသား၏ ဘာသာရေးဆိုင်ရာ ရည်မှန်းချက်နှင့် မပတ်သက်ပါ။ သိပ္ပံအတွေးအခေါ်တွင် ပင်ကိုအရည်အသွေးအဖြစ် ပါဝင်နေသည့် ရုပ်ဝါဒသည် ရုပ်ပိုင်းဆိုင်ရာ ကျေနပ်မှုထက် ပိုမိုမြင့်မားသော စိတ်ပိုင်းဆိုင်ရာပန်းတိုင်များကို ငြင်းပယ်နေပေ၏။ ၎င်း၏ စိစစ်ရွေးချယ်ကာ အဆိုပြုခြင်းနှင့် နှိုင်းဆအမှန်သဘောတို့ကြောင့် သိပ္ပံသည် အလိုအပ်ဆုံးသော အကြောင်းအချို့ကို လျစ်လျူရှုထားပြီးလျှင် မေးခွန်းများစွာကို မဖြေကြားဘဲ ချန်ရစ်ထားခဲ့သည်။ ဥပမာအားဖြင့် လူများအတွင်း၌ ကြီးကျယ်သော မညီမျှမှုများ အဘယ့်ကြောင့် ရှိနေရသနည်းဟု မေးမြန်းသောအခါ သိပ္ပံနည်းကျသော ဖြေရှင်းချက် တစ်စုံတစ်ရာကိုမျှ မပေးနိုင်ပါ။ ထိုမေးခွန်းမျိုးသည် သိပ္ပံ၏ ကျဉ်းမြောင်းသော ကန့်သတ်ချက်ကို ကျော်လွန်နေပါသည်။ သိပ္ပံ၏ နယ်ပယ်ထက် ကျော်လွန်သော မေးခွန်းဖြစ်ပါသည်။

http://www.dhammadownload.com



## (c) Learned Ignorance
## (ဂ) ပညာရှိသောမသိမှု

The transcendental mind developed by the Buddha is not limited to sense-data and goes beyond the logic trapped within the limitation of relative perception. The human intellect, on the contrary, operates on the basis of information it collects and stores, whether in the field of religion, philosophy, science or art. The information for the mind is gathered through our sense organs which are inferior in so many ways. The very limited information perceived makes our understanding of the world distorted.

ဗုဒ္ဓမြတ်စွာက ပွံ့ဖြိုးတိုးတက်စေခဲ့သော အာရုံသိကို ကျော်လွန်သည့်စိတ်သည် အာရုံအချက်အလက်များလောက်သာ အကန့်အသတ်ရှိသည် မဟုတ်ဘဲ နှိုင်းဆအသိ၏ အကန့်အသတ်အတွင်း လှောင်ပိတ်ခံနေရသည့် ယုတ္တိဗေဒသဘောကို ကျော်လွန်၍သွား၏။ ဆန့်ကျင်ဘက်အနေဖြင့် လူသား၏ အသိဉာဏ်သည် ဘာသာရေး၊ ဒဿနိက၊ သိပ္ပံနှင့် အနုပညာတို့အနက် မည်သည့်နယ်ပယ်တွင်မဆို ၎င်းက စုဆောင်းရရှိပြီး သိုလှောင်ထားသည့် အချက်အလက်များအပေါ် အခြေခံ၍ အလုပ်လုပ်၏။ စိတ်အတွက် သိစရာအချက်အလက်များကို ကျွန်ုပ်တို့၏ အာရုံသိအင်္ဂါများက စုဆောင်းပေးကြသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော အာရုံသိအင်္ဂါများသည် စိတ်အောက်အဘက်ဘက်က အရည်အသွေး ညံ့ဖျင်းကြ၏။ ယင်းတို့မှ သိရှိရသော အလွန် ကန့်

http://www.dhammadownload.com



သတ်ထားသည့် အကြောင်းအရာသည် ကမ္ဘာကြီးကို သိနားလည်သော ကျွန်ုပ်တို့၏ အသိကို ရှဲ့စောင်းသွားစေ၏။

Some people are proud of the fact that they know so much. In fact, the less we know, the more certain we are in our explanations; the more we know, the more we realize our limitations.

အချို့သူတို့သည် သူတို့ အလွန်များပြားစွာ သိသည်ဟု ဂုဏ်ယူဝင့်ကြွားကြ၏။ အမှန်တွင် ကျွန်ုပ်တို့သိတာ နည်းလေလေ၊ ကျွန်ုပ်တို့၏ ရှင်းပြချက်၌ ပို၍ သေချာလေလေ ဖြစ်ပြီးလျှင် ကျွန်ုပ်တို့ သိတာ များလေလေ၊ ကျွန်ုပ်တို့၏ ကန့်သတ်ချက်များကို ကျွန်ုပ်တို့ ပို၍သိလာလေလေ ဖြစ်သည်။

A brilliant scholar once wrote a book which he considered as the ultimate work. He felt that the book contained all the literary gems and philosophies. Being proud of his achievement, he showed his masterpiece to a colleague of his who was equally brilliant with the request that the book be reviewed by him.

လျှမ်းလျှမ်းတောက် ပညာရှင်တစ်ဦးသည် တစ်ချိန်က အထွတ်အထိပ်အလုပ်ဟု သူယူဆသော စာအုပ်တစ်အုပ်ကို ရေးသားခဲ့၏။ ထိုစာအုပ်၌ စာပေရတနာများ အားလုံးနှင့် ဒဿနများအားလုံး ပါရှိသည်ဟု သူ ခံစားမိ၏။ သူ၏ အောင်မြင်မှုကို ဂုဏ်ယူဝင့်ကြွားလျက် သူ၏ လက်စွမ်းပြစာအုပ်ကို သူနှင့်တူစွာ လျှမ်းလျှမ်းတောက် တော်သော

http://www.dhammadownload.com



သူ၏ လုပ်ဖော်ကိုင်ဖက်အား ပြ၏။ စာအုပ်ကို ကြည့်ရှုစိစစ် ဝေဖန်ချက်ပေးရန်ကိုလည်း တောင်းပန်၏။

Instead, his colleague asked the author to write down on a piece of paper all he knew and all he did not know. The author sat down deep in thought, but after a long while failed to write down anything he knew. Then he turned his mind to the second question, and again he failed to write down anything he did not know. Finally, with his ego at the lowest ebb, he gave up, realizing that all that he knew was really ignorance.

စာအုပ်ကို ဖတ်ရှုစိစစ်မည့်အစား သူ့အဖော်က သူ့အား သူသိသည့် အရာအားလုံးနှင့် မသိသည့်အရာအားလုံးတို့ကို စက္ကူတစ်ရွက်ပေါ်တွင် ရေးချခိုင်း၏။ စာရေးသူသည် ထိုင်၍ လေးနက်စွာ စဉ်းစား၏။ သို့သော် အချိန်အလွန်ကြာညောင်းသွားပါသော်လည်း သူ သိသည့်အရာ တစ်စုံတစ်ခုကိုမျှ မရေးချနိုင်ပါ။ ထို့နောက် သူ၏ စိတ်ကို ဒုတိယမေးခွန်းသို့ လှည့်၍စဉ်းစား၏။ ဤတွင်လည်း သူ မသိသော အရာတစ်ခုကိုမျှ မရေးချနိုင်ပါ။ နောက်ဆုံးတွင် သူ၏ အတ္တသည် အနိမ့်ဆုံးအခြေသို့ ရောက်ရှိသွားပြီး သူ လက်မြှောက်လိုက်သည်။ သူသိသည့်အရာအားလုံးမှာ အမှန်စင်စစ်တွင် 'မသိမှု'သာဖြစ်သည်ကို သူ သဘောပေါက်သွားပါတော့၏။

In this regard, Socrates, the well-known Athenian philosopher of the Ancient World, had this

http://www.dhammadownload.com



to say when asked what he knew: *"I know only one thing – that I do not know".*

ဤအကြောင်းနှင့် ဆက်စပ်၍ ရှေးခေတ်ကမ္ဘာ၏ ထင်ပေါ်ကျော်ကြားသော ဂရိတွေးခေါ် ရှင်ကြီး **ဆိုကရေးတီး** ၏ အဖြေကို ဖော်ပြလိုပါသည်။ သူ ဘာကို သိသနည်းဟု သူ့အား မေးမြန်းခြင်းကို သူက **'ငါသိတာ တစ်ခုပဲရှိတယ်၊ အဲဒါက ငါ မသိခြင်းပါပဲ'** ဟုသာ မိန့်ဆိုခဲ့၏ ။

## (d) Beyond Science
## (ဃ) သိပ္ပံပညာကို ကျော်လွန်၍

Buddhism goes beyond modern science in its acceptance of a wider field of knowledge than is allowed by the scientific mind. Buddhism admits knowledge arising from the sense organs as well as personal experiences gained through mental culture. By training and developing a highly concentrated mind, religious experience can be understood and verified. Religious experience is not something which can be understood by conducting experiments in a test-tube or examined under a microscope.

ဗုဒ္ဓဘာသာသည် သိပ္ပံစိတ်က ခွင့်ပြုသည်ထက် ပို၍ ကျယ်ပြန့်သော အသိပညာနယ်ပယ်ကို လက်ခံသည့်နေရာတွင် သိပ္ပံပညာကို ကျော်လွန်၍ သွား၏။ ဗုဒ္ဓဘာသာသည် အာရုံသိအင်္ဂါများမှ ရရှိသည့် အသိပညာများကို လည်းကောင်း၊ စိတ်ယဉ်ကျေးအောင် ဘာဝနာရှုပွား

http://www.dhammadownload.com



ခြင်းမှ ရရှိသည့် ပုဂ္ဂလိက အတွေ့အကြုံများကိုလည်းကောင်း ခွင့်ပြု၏။ အလွန်မြင့်မားသော သမာဓိနှင့်ယှဉ်သည့်စိတ်ကို လေ့ကျင့်ပျိုးထောင်ပြီးသောအခါ ဘာသာရေး အတွေ့အကြုံများကို နားလည်နိုင်ပြီး မှန်ကန်ကြောင်း ကိုယ်တိုင်သိရှိနိုင်၏။ ဘာသာရေး အတွေ့အကြုံသည် စမ်းသပ်ဖန်ပြွန်တွင် လက်တွေ့ပြုလုပ်ပြီး အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေးခြင်းဖြင့် သိနားလည်နိုင်သောအရာ မဟုတ်ချေ။

The truth discovered by science is relative and subject to changes, while that found by the Buddha is final and absolute: the Truth of Dhamma does not change according to time and space. Furthermore, in contrast to the selective theorizing of science, the Buddha encouraged the wise not to cling to theories, scientific or otherwise.

သိပ္ပံပညာက ရှာဖွေတွေ့ရှိသော အမှန်သဘောသည် နှိုင်းဆအမှန်သဘော (သမုတိသစ္စာ) ဖြစ်သဖြင့် ပြောင်းလဲနိုင်သည်။ မြတ်စွာဘုရား တွေ့ရှိသော အမှန်တရားသည် နောက်ဆုံးအမှန်သဘော (ပရမတ္ထသစ္စာ) ဖြစ်ပြီး ပြောင်းလဲခြင်းမရှိချေ။ ဓမ္မဟူသောအမှန်တရားသည် အချိန် နေရာတို့နှင့်လိုက်၍ မပြောင်းလဲပေ။ ထို့အပြင် သိပ္ပံပညာ၏ ရွေးချယ်အဆိုပြုခြင်းနှင့် ဆန့်ကျင်လျက် ဗုဒ္ဓမြတ်စွာသည် ပညာရှိအပေါင်းအား သိပ္ပံနည်းကျ သို့မဟုတ် အခြား နည်းနာနိဿယဖြင့် ဖော်ထုတ်ထားသော သီအိုရီများကို ဆွဲတွယ်မထားရန် ဥပါဒါန်မဖြစ်ရန် အားပေးတော်မူ၏။

Instead of theorizing, the Buddha taught mankind how to live a righteous life so as to discover

http://www.dhammadownload.com



Ultimate Truths. By living a righteous life, by calming the senses, and by casting off desires, the Buddha pointed the way through which we can discover within ourselves the nature of life. And the real purpose of life can be found.

သီအိုရီအဆိုများကို ဖော်ထုတ်မည့်အစား မြတ်စွာဘုရားသည် အဆုံးစွန် အမှန်တရားများကို ကိုယ်တိုင်သိရှိမြင်တွေ့လာရန်အတွက် လူသားတို့အား တရားမျှတ၍ မှန်ကန်သောဘဝကို မည်သို့နေထိုင်ရကြောင်း သင်ပြပေးတော်မူ၏။ တည့်မတ်မှန်ကန်သောဘဝကို နေထိုင်ခြင်းဖြင့် အာရုံသိစိတ်များကို ငြိမ်ဝပ်စေခြင်းဖြင့် လိုချင်တပ်မက်မှုများကို ဖယ်ရှားခြင်းဖြင့် ကျွန်ုပ်တို့၏ ခန္ဓာအတွင်း၌ ဘဝ၏ သဘောအမှန်ကို ရှာဖွေတွေ့ရှိနိုင်သော နည်းလမ်းကို မြတ်စွာဘုရား ညွှန်ပြပေးတော်မူခဲ့သည်။ ထို့အပြင် ဘဝ၏ စစ်မှန်သော ရည်ရွယ်ချက်ကို တွေ့ရှိနိုင်သည်။

*Practice* is important in Buddhism. A person who studies much but does not practise is like one who is able to recite recipes from a huge cookery-book without trying to prepare a single dish. His hunger cannot be relieved by book knowledge alone. Practice is such an important prerequisite of enlightenment that in some schools of Buddhism, such as Zen, practice is put even ahead of knowledge.

**လက်တွေ့ကျင့်ခြင်း** သည် ဗုဒ္ဓဘာသာ၌ အရေးကြီး၏။

http://www.dhammadownload.com



မြောက်မြားစွာ လေ့လာပြီးနောက် လက်တွေ့မကျင့်သုံးသော သူသည် ကြီးမားသော ဟင်းချက်နည်း စာအုပ်မှ ဟင်းချက်နည်းအမျိုးမျိုးကို အာပေါင်အာရင်း သန်သန်ဖြင့် ရွတ်ဆိုပြနိုင်သော်လည်း ဟင်းတစ်မယ်လောက်ကိုမျှ ချက်ပြုတ်ရန် မကြိုးစားသော သူနှင့် တူ၏။ သူ၏ ဆာလောင် မွတ်သိပ်မှုသည် စာအုပ်အသိတစ်မျိုးတည်းဖြင့် မပပျောက်သွားစေနိုင်ပါ။ လက်တွေ့အကျင့်သည် အသိဉာဏ်ပွင့်လင်းခြင်း (မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ခြင်း) ၏ အရေးကြီးသော မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်ပေ၏။ ဇင်ကဲ့သို့သော ဗုဒ္ဓဘာသာ ကျောင်းအချို့တွင် အသိပညာထက်ပင် ရှေ့ကြိုတင်၍ လက်တွေ့အကျင့်ကို ကျင့်သုံးစေ၏။

The scientific method is outwardly directed, and modern scientists exploit nature and the elements for their own comfort, often disregarding the need to harmonise with the environment and thereby polluting the world. In contrast, Buddhism is inwardly directed and is concerned with the inner development of man. On the lower level, Buddhism teaches the individual how to adjust and cope with events and circumstances of daily life. At the higher level, it represents the human endeavour to grow beyond oneself through the practice of mental culture or mind development.

သိပ္ပံနည်းသည် အပြင်ဘက်သို့ ဦးတည်၏။ ခေတ်သစ် သိပ္ပံပညာရှင်များသည် သူတို့၏ ကိုယ်ပိုင်ချမ်းသာရေးအတွက် သဘာဝနှင့် အခြေခံကုန်ကြမ်းများကို အသုံးပြုကြရာတွင် မကြာခဏပင်လျှင် ပတ်

http://www.dhammadownload.com



ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် ပြုလုပ်ရန်ကို ဂရုမစိုက်ကြသဖြင့် ကမ္ဘာညစ်ညမ်းမှု ဖြစ်ပေါ်ရ၏။ သိပ္ပံနည်းနှင့် ဆန့်ကျင်၍ ဗုဒ္ဓဘာသာသည် အတွင်းဘက်သို့ ဦးတည်၏။ လူ၏အတွင်းဖွံ့ဖြိုးတိုးတက်ခြင်းကို အရေးထား၏။ အောက်အခြေခံအဆင့်၌ ဗုဒ္ဓဘာသာသည် လူတစ်ဦးစီကို နေ့စဉ်ဘဝ၏ ဖြစ်ရပ်များ အခြေအနေများနှင့် လိုက်လျောညီထွေ ညှိနှိုင်းနေထိုင်တတ်အောင် သင်ပြပေး၏။ ပို၍မြင့်သောအဆင့်၌ ဗုဒ္ဓဘာသာသည် စိတ်ကို ယဉ်ကျေးသိမ်မွေ့စေခြင်း (ဝါ) စိတ်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း ဟူသည့် ဘာဝနာအကျင့်ဖြင့် မိမိ၏ ပင်ကိုအနေအထားထက် ကျော်လွန်၍ ကြီးထွားလာနိုင်အောင် လူသားတို့၏ ကြိုးပမ်းမှုကို ကိုယ်စားပြု၏။

Buddhism has a complete system of mental culture concerned with gaining insight into the nature of things which leads to complete self-realization of the Ultimate Truth — *Nibbana.* This system is both practical and scientific, it involves dispassionate observation of emotional and mental states. More like a scientist than a judge, a meditator observes the inner world with mindfulness.

ဗုဒ္ဓဘာသာတွင် အရာအမျိုးမျိုးတို့၏ သဘာဝမှန်ကို ထိုးထွင်း၍ မြင်သိသော ဝိပဿနာဖြစ်ပေါ်အောင် စိတ်ကို ယဉ်ကျေးသိမ်မွေ့စေသည့် နည်းစနစ်အပြည့်အစုံရှိ၏။ ဝိပဿနာဉာဏ်မှတစ်ဆင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အဆုံးစွန်အမှန်သဘောဖြစ်သည့် 'နိဗ္ဗာန်' ကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်မည်ဖြစ်၏။ ဤနည်းသည် လက်တွေ့ကျပြီး သိပ္ပံ

http://www.dhammadownload.com



နည်း ဆန်၏။ ဤနည်းတွင် ပြင်းထန်သော ခံစားမှုအမျိုးမျိုးနှင့် စိတ်လှုပ်ရှားမှု မရှိဘဲ တည်ငြိမ်စွာ ရှုကြည့်ခြင်းတို့ ပါဝင်၏။ ဘာဝနာ ရှုပွားသွားသည့် တရားသူကြီးထက် သိပ္ပံပညာရှင်နှင့် ပို၍ ဆင်တူစွာ အတွင်းကမ္ဘာကို သတိကပ်၍ ရှုကြည့်ရ၏။

## (e) Science Without Religion

## (c) ဘာသာတရားမပါသောသိပ္ပံပညာ

Without having moral ideals, science poses a *danger to all mankind.* Science has made the machine which in turn becomes king. The bullet and bomb are gifts of science to the few in power on whom the destiny of the world depends. Meanwhile the rest of mankind waits in anguish and fear, not knowing when the nuclear weapons, the poisonous gases, the deadly arms – all fruits of scientific research designed to kill efficiently – will be used on them. Not only is science completely unable to provide moral guidance to mankind, it has also fed fuel to the flame of human craving.

သိပ္ပံပညာသည် ကိုယ်ကျင့်တရားဆိုင်ရာ စံနမူနာများ မထားရှိသည့်အတွက် လူသား အားလုံးကို အန္တရာယ်အဖြစ် ခြိမ်းခြောက်လျက် ရှိ၏။ သိပ္ပံက ပြုလုပ်ပေးထားသည့် စက်သည်သာ ဘုရင်ဖြစ်လာ၏။ ကျည်ဆန်နှင့် ဗုံးတို့သည် အာဏာရှိသူ လူနည်းစုအတွက် သိပ္ပံ၏ လက်ဆောင်များ ဖြစ်ကြ၏။ ထိုလူနည်းစုအပေါ်တွင် ကမ္ဘာ့ကံကြမ္မာ တည်

http://www.dhammadownload.com



မှီလျက်ရှိသည်။ ကြားကာလတွင် ကျန်လူသားတို့သည် အဏုမြူလက်နက်များ၊ အဆိပ်ဓာတ်ငွေ့များနှင့် သေစေသော လက်နက်များကို ဘယ်အချိန်တွင် သူတို့အပေါ် အသုံးပြုလိမ့်မည်ကို ကြောက်ရွံ့ကာ ဆင်းရဲပင်ပန်းစွာ စောင့်စားနေကြရသည်။ ဤလက်နက်များအားလုံးသည် သိပ္ပံသုတေသနက ထိထိရောက်ရောက် သတ်ဖြတ်နိုင်ရန်အတွက် ပုံစံပေးပြီး ထုတ်လုပ်ပေးထားသော အသီးအပွင့်များ ဖြစ်ကြ၏။ သိပ္ပံပညာသည် လူသားတို့အား စာရိတ္တလမ်းညွှန်မှုကို ပေးဆောင်ရန် လုံးဝအစွမ်းမရှိသည့်အပြင် လူသားတို့၏ လိုချင်တပ်မက်မောမှု လောဘမီးတောက်ကိုလည်း လောင်စာကျွေးပေးလျက်ရှိ၏။

Science devoid of morality spells only destruction: it becomes the draconian monster man discovered. And unfortunately, this very monster is becoming more powerful than man himself. Unless man learns to restrain and govern the monster through the practice of religious morality, the monster will soon overpower him. Without religious guidance, science threatens the world with destruction.

ကိုယ်ကျင့်သိက္ခာ မပါရှိသော သိပ္ပံပညာသည် ဖျက်ဆီးခြင်းသို့သာ ဦးတည်နေပါ၏။ သိပ္ပံသည် ခက်ထန်သော ကြောက်မက်ဖွယ်ရာ ဧရာမ သတ္တဝါဖြစ်လာပြီး၊ ကံမကောင်းချင်တော့ ဤဧရာမ သတ္တဝါသည် လူသားထက်ပင်လျှင် ပို၍စွမ်းအားကြီးလာပေပြီ။ အကယ်၍လူသည် ဘာသာရေး ကိုယ်ကျင့်သိက္ခာများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ထိုဧရာမ သတ္တဝါကို ထိန်းချုပ်အစိုးရနိုင်အောင် မလေ့လာနိုင်

http://www.dhammadownload.com



လျှင် ထိုရောမသတ္တဝါသည် မကြာမြင့်မီပင်လျှင် လူကိုအနိုင်ယူကာ လွှမ်းမိုးသွားလိမ့်မည်။ ဘာသာရေးလမ်းညွှန်မှု မပါရှိလျှင် သိပ္ပံသည် ကမ္ဘာကြီးကို ဖျက်ဆီးမှုဖြင့် ခြိမ်းခြောက်နေလိမ့်မည်။

In contrast, science when coupled with a religion like Buddhism can transform this world into a haven of peace and security and happiness.

ဤအခြေအနေနှင့် ဆန့်ကျင်၍ သိပ္ပံပညာသည် ဗုဒ္ဓဘာသာကဲ့သို့သော ဘာသာတရားတစ်ခုနှင့် ပေါင်းစပ်မိသွားလျှင် ဤကမ္ဘာကြီးကို ငြိမ်းချမ်းသော လုံခြုံသော ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ကွန်းခိုရာ နေရာအဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။

Never was there a time when the *co-operation* between science and religion is so desperately needed in the best interest and service of mankind. Religion without science is crippled, while science without religion is blind.

ယခုကဲ့သို့ လူသားတို့၏ စိတ်ဝင်စားဖွယ် အကောင်းဆုံးနှင့် အကျိုးရှိရေးအတွက် သိပ္ပံပညာနှင့် ဘာသာတရားတို့၏ ပေါင်းစပ်လုပ်ဆောင်ရန် အချိန်အခါသည် မည်သည့်အခါကမျှ ယခုလောက် အရေးတကြီး မလိုအပ်ခဲ့ဖူးပါ။ သိပ္ပံပညာ မပါရှိသော ဘာသာတရားသည် အကျိုးဖြစ်၍ ဘာသာတရားမပါသော သိပ္ပံပညာသည် အကန်းဖြစ်၏။

http://www.dhammadownload.com



### (f) Tribute to Buddhism
### (စ) ဗုဒ္ဓဝါဒကို ထောမနာပြုခြင်း

The wisdom of Buddhism founded on compassion has the vital role of correcting the dangerous destination modern science is heading for. Buddhism can provide the spiritual leadership to guide scientific research and invention in promoting a brilliant culture of the future. Buddhism can provide worthy goals for scientific advancement which is presently facing a hopeless impasse of being enslaved by its very inventions.

ကရုဏာတရားပေါ်တွင် အခြေပြုတည်ထောင်ထားသော ဗုဒ္ဓဝါဒ၏ ဉာဏ်ပညာသည် ခေတ်သစ်သိပ္ပံပညာက ဦးတည်သွားနေသော အန္တရာယ်ရှိသည့် ခရီးပန်းတိုင်ကို ပြောင်းလဲပေးရန် အရေးကြီးသည့် ကဏ္ဍ၌ ရှိနေပါ၏။ ဗုဒ္ဓဝါဒသည် အနာဂတ်ကာလ၌ လျှမ်းလျှမ်းတောက် ယဉ်ကျေးမှုကို ထူထောင်ရန်အတွက် သိပ္ပံသုတေသနနှင့် တီထွင်မှုများကို လမ်းညွှန်ပြရန် စိတ်ပိုင်းဆိုင်ရာ ဦးဆောင်မှုကို ပေးကမ်းနိုင်သည်။ ဗုဒ္ဓဝါဒသည် သိပ္ပံတိုးတက်မှုအတွက် ကောင်းမွန်ထိုက်တန်သည့် ပန်းတိုင်များကို ချမှတ်ပေးနိုင်သည်။ ယခုအခါ သိပ္ပံတိုးတက်မှုသည် ၎င်း၏ တီထွင်မှုများနှင့် ကျွန်ပြုခံနေရသော မျှော်လင့်ချက်မရှိ ထွက်ပေါက်မရှိသည့် ချောက်ကမ်းပါးဆီသို့ ဦးတည်သွားနေပေ၏။

**Albert Einstein** paid a tribute to Buddhism when he said in his autobiography: 'If there is any

http://www.dhammadownload.com



religion that would cope with modern scientific needs, it would be Buddhism'. Buddhism requires no revision to keep it 'up to date' with recent scientific findings. Buddhism need not surrender its views to science because it embraces science as well as goes beyond science. Buddhism is the bridge between religious and scientific thoughts by stimulating man to discover the latent potentialities within himself and his environment. *Buddhism is timeless!*

ကမ္ဘာကျော် သိပ္ပံပညာရှင် **အယ်လ်ဘတ် အိုင်းစတိုင်း** သည် သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၌ ဗုဒ္ဓဝါဒအား ချီးမွမ်းထောမနာထားသည်မှာ– "ခေတ်သစ်သိပ္ပံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဘာသာတရားတစ်ခု ရှိမည်ဆိုလျှင် ထိုဘာသာတရားသည် ဗုဒ္ဓ ဘာသာဖြစ်လိမ့်မည်" ဟူ၍ဖြစ်၏။ ဗုဒ္ဓဝါဒသည် မကြာမီက သိပ္ပံတွေ့ရှိချက်များနှင့် ကိုက်ညီ၍ ခေတ်မီနေရန်အတွက် ပြုပြင်ပြောင်းလဲခြင်းကို မလိုအပ်ပါ။ ဗုဒ္ဓဝါဒသည် ၎င်း၏အမြင်များကို သိပ္ပံပညာသို့ အညံ့ခံ၍ ပေးအပ်ရန် မလိုပါ။ အကြောင်းကား ဗုဒ္ဓဝါဒသည် သိပ္ပံပညာကို ခြုံငုံထွေးပိုက်ထားနိုင်ရုံသာမက ကျော်လွန်၍လည်း သွား၏။ ဗုဒ္ဓဝါဒသည် လူသားအား သူ၏ ခန္ဓာအတွင်း၌ ငုပ်လျှိုးနေသော အစွမ်းသတ္တိများကို ရှာဖွေတွေ့ရှိအောင် မြေတောင်မြှောက်ပေးခြင်းဖြင့် ဘာသာတရားနှင့် သိပ္ပံနည်းကျ အတွေးအခေါ်များကို ပေါင်းကူးပေး၏။ **ဗုဒ္ဓဝါဒသည် အချိန်ကာလ ကန့်သတ်ချက် မရှိပါ။**

***

http://www.dhammadownload.com

# အခန်း (၁၂)

## Religion of Freedom

## လွတ်လပ်မှုရှိသော ဘာသာတရား

*This is a religion of freedom and reason for man to lead a noble life.*

***ဤသည်ကား လူသားအတွက် မြင့်မြတ်သောဘဝကို နေထိုင်နိုင်စေသည့် လွတ်လပ်မှုနှင့် အကြောင်းတရားရှိသော ဘာသာတရား ပေတည်း။***

BUDDHISM does not prevent anyone from learning the teachings of other religions. In fact, the Buddha encouraged His followers to learn about other religions and to compare His Teachings with other teachings. The Buddha says that if there are reason-

http://www.dhammadownload.com



able and rational teachings in other religions, His followers are free to respect such teachings.

ဗုဒ္ဓဘာသာသည် အခြားဘာသာတရားများ၏ သင်ပြချက်များကို မလေ့လာရဟု မည်သူတစ်ဦးတစ်ယောက်ကိုမျှ တားဆီးပိတ်ပင်ခြင်း မပြုပါ။ တကယ်ဖြစ်ခဲ့သည်မှာ ဗုဒ္ဓမြတ်စွာဘုရားသည် သူ၏ တပည့်သာဝကများကို အခြားဘာသာတရားများကို လေ့လာပြီး သူ၏ သင်ပြချက်များနှင့် နှိုင်းယှဉ်ရန် အားပေးတိုက်တွန်းတော်မူခဲ့၏။ အကယ်၍ အခြားဘာသာတရားများ၌ အကြောင်းအကျိုး ညီညွတ်သော ဆင်ခြင်တုံတရားနှင့် ကိုက်ညီသော သင်ပြချက်များ ရှိလျှင် ထိုသင်ပြချက်များကို အလေးအမြတ်ပြုရန် မြတ်စွာဘုရားသည် သူ၏တပည့်များအား လွတ်လပ်ခွင့်ပေးတော်မူ၏။

It seems that certain religionists try to keep their followers in the dark, some of them are not even allowed to touch other religious objects or books. They are instructed not to listen to the preachings of other religions. They are enjoined not to doubt the teachings of their own religion, however unconvincing their teachings may appear to be. The more they keep their followers on a one-track mind, the more easily they can keep them under control.

အချို့သော ဘာသာရေးဆရာများသည် သူတို့၏ တပည့်များကို အမှောင်ထဲ၌ ချထားသည်ဟု ယူဆရ၏။ အချို့သူတို့ကို အခြားဘာသာတရားနှင့်ဆိုင်သော အရာဝတ္ထုများနှင့် စာအုပ်များကိုပင် ထိတွေ့ခွင့် မပြုချေ။ သူတို့အား အခြားဘာသာတရားများ၏ ဟောပြော

http://www.dhammadownload.com



ချက်များကို နားမထောင်ရန်အတွက်လည်း သင်ပြညွှန်ပြထား၏။ သူတို့ ဘာသာတရား၏ သင်ပြချက်များသည် မည်သို့ပင် ယုံကြည်ဖွယ်မရှိဟု ထင်မှတ်ရစေကာမူ ထိုသင်ပြချက်များကို ယုံမှားသံသယမရှိရန်အတွက် လည်း သူတို့အား အမိန့်ပေးထား၏။ သူတို့၏ တပည့်များကို တစ် လမ်းသွား စိတ်ဓာတ်ရှိအောင် များများထိန်းထားနိုင်လေလေ သူတို့၏ တပည့်များကို ထိန်းချုပ်ထားရန် ပို၍လွယ်ကူလေလေဖြစ်၏။

If anyone of them exercises freedom of thought and realises that he had been in the dark all the time, then it is alleged that the devil has possessed his mind. The poor man is given no opportunity to use his common sense, education, or his intelligence. Those who wish to change their views on religion are taught to believe that they are not perfect enough to be allowed to use free will in judging anything for themselves.

အကယ်၍ သူတို့အထဲမှ တစ်စုံတစ်ယောက်က အတွေးအခေါ် လွတ်လပ်မှုကို ကျင့်သုံး၍ သူသည်အမှောင်ထဲ၌ တစ်ချိန်လုံး ရှိနေသည် ကို သဘောပေါက်နားလည်လာလျှင် သူ၏ စိတ်ကို နတ်ဆိုးဝင်ပူးနေ ပြီဟု သူ့အား စွပ်စွဲကြ၏။ ဆင်းရဲဒုက္ခရောက်နေသော ထိုသူအား သူ ၏ လက်တွေ့ကျကျ ဆုံးဖြတ်နိုင်သော ဉာဏ်၊ တတ်ထားသော ပညာ၊ သူ၏ အသိဉာဏ်တို့ကို အသုံးပြုခွင့် မပေးချေ။ ဘာသာရေးအပေါ် မိမိတို့၏ အသိအမြင်များကို ပြောင်းလဲလိုသောသူအပေါင်းတို့ကိုလည်း တစ်စုံတစ်ရာကို သူတို့ဘာသာ ဆုံးဖြတ်နိုင်သည့် လွတ်လပ်သောစိတ်

http://www.dhammadownload.com



ဆန္ဒကို အသုံးပြုရန် သူတို့တစ်တွေ အလုံအလောက် မရင့်ကျက် မပြည့်စုံသေးဟု သူတို့ ယုံကြည်လာရန် သူတို့ကို သင်ပြပေး၏။

According to the Buddha, religion should be left to one's own free choice. Religion is not a law, but a disciplinary code which should be followed with understanding. To Buddhists true religious principles are neither a divine law nor a human law, but a natural law.

ဗုဒ္ဓမြတ်စွာဘုရား၏ အလိုအရ ဘာသာတရားကို လူတစ်ဦးစီ၏ ကိုယ်ပိုင် လွတ်လပ်သော ရွေးချယ်မှုဖြင့် လွတ်လပ်စွာ ကိုးကွယ်စေသင့်၏။ ဘာသာတရားသည် တရားဥပဒေမဟုတ်ပါ။ နားလည်မှုဖြင့် လိုက်နာကျင့်သုံးရသော စည်းကမ်းစနစ်တစ်ရပ်သာ ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များအဖို့တွင် မှန်ကန်သော ဘာသာရေးတရားများ အခြေခံမှုများသည် ထာဝရဘုရားသခင်၏ ဥပဒေလည်း မဟုတ်၊ လူ့ဥပဒေလည်း မဟုတ်၊ သဘာဝ ဥပဒေတစ်ရပ်သာ ဖြစ်၏။

In actual fact, there is no real religious freedom in any part of the world today. Man has not the freedom even to think freely. Whenever he realises that he cannot find satisfaction through his own religion to which he belongs, which cannot provide him with satisfactory answers to certain questions, he has no liberty to give it up and to accept another which appeals to him. The reason is that religious

authorities, leaders, and family members have taken that freedom away from him.

အမှန်တကယ်တွင် ယနေ့ကမ္ဘာကြီး၏ မည်သည့်အရပ်ဒေသ၌မဆို စစ်မှန်သော ဘာသာတရားလွတ်လပ်မှု မရှိပါ။ လူသည် လွတ်လပ်စွာ တွေးခေါ်ရန်အတွက်ပင်လျှင် လွတ်လပ်မှု မရှိပေ။ သူ့အဖွဲ့ဝင်အဖြစ် ပါဝင်သော သူ၏ ဘာသာတရား၌ ကျေနပ်မှုကို သူ ရှာမတွေ့ကြောင်း သူ သဘောပေါက်လာသည့်အခါ သူ၏ ဘာသာတရားကို စွန့်လွှတ်ရန်နှင့် သူ ကြိုက်နှစ်သက်သော အခြား ဘာသာတစ်ရပ်ကို လက်ခံကိုးကွယ်ရန်အတွက် သူ့တွင် လွတ်လပ်မှုမရှိချေ။ အကြောင်းမှာ ဘာသာရေးအာဏာပိုင်များက ဖြစ်စေ၊ ခေါင်းဆောင်များက ဖြစ်စေ၊ သူ၏ မိသားစုအဖွဲ့ဝင်များက ဖြစ်စေ၊ သူ့ထံမှ ထိုလွတ်လပ်မှုကို ယူငင်လိုက်သောကြောင့် ဖြစ်၏။

Man should be allowed to choose his religion which is in accordance with his own conviction. One has no right to force another to accept a particular religion. Some people surrender their religion for the sake of love, without a proper understanding of their partner's religion. Religion should not be changed to suit man's emotions and human weaknesses. One must think very carefully before changing one's religion. Religion is not a subject for bargaining; one should not change one's religion for personal, material gains. Religion is to be used for spiritual development and for self-salvation.

http://www.dhammadownload.com



လူသားအား သူ၏ယုံကြည်ချက်နှင့် ကိုက်ညီသည့် သူ၏ ဘာသာတရားကို ရွေးချယ်ခွင့်ပြုသင့်၏။ လူတစ်ယောက်သည် အခြားလူတစ်ယောက်အား တစ်စုံတစ်ခုသော ဘာသာတရားကို လက်ခံဖို့ အတင်းအကျပ် ပြုလုပ်ခွင့် မရှိပါ။ အချို့သူတို့သည် အချစ်ရေးအတွက် ချစ်သူ၏ ဘာသာတရားကို ကောင်းစွာ မသိနားမလည်ဘဲနှင့် မိမိတို့၏ ဘာသာတရားကို စွန့်လွှတ်လိုက်ကြ၏။ လူသား၏ ပြင်းပြသော ခံစားမှုများ ပျော့ညံ့မှုများတို့နှင့် လျော်ညီအောင် ကိုးကွယ်သည့် ဘာသာကို မပြောင်းလဲသင့်ပေ။ မိမိ၏ ကိုးကွယ်မှုဘာသာကို မပြောင်းလဲမီ စေ့စပ်သေချာစွာ စဉ်းစားရမည်၊ ဘာသာတရားသည် ဈေးဆစ်စရာ ဘာသာရပ် တစ်ခု မဟုတ်ပေ၊ လူတစ်ယောက်သည် မိမိ ကိုးကွယ်သည့် ဘာသာကို ပုဂ္ဂိုလ်ရေး၊ ပစ္စည်းအမြတ်အစွန်း ရရေးအတွက် မပြောင်းလဲသင့်ပေ။ ဘာသာတရားကို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် မိမိကိုယ် မိမိ ကယ်တင်ခြင်းတို့အတွက် အသုံးပြုရမည်။

Buddhists never try to influence other religionists to come and embrace their religion for material gain. Nor do they try to exploit poverty, sickness, illiteracy and ignorance in order to increase the number of Buddhist population. The Buddha advised those who indicated their wish to follow Him, not to be hasty in accepting His Teachings. He advised them to consider carefully His Teaching and to determine for themselves whether it was practical or not for them to follow.

ဗုဒ္ဓဘာသာဝင်များသည် အခြားဘာသာဝင်တို့အား ပစ္စည်းဥစ္စာ

http://www.dhammadownload.com



ပေးကမ်း၍ မိမိတို့၏ ဘာသာသို့ ကူးပြောင်းလာရန် မည်သည့်အခါမျှ မတိုက်တွန်းပါ။ တန်ခိုးအာဏာဖြင့် လွှမ်းမိုးရန်လည်း မကြိုးပမ်းပါ။ ဆင်းရဲခြင်း၊ ဖျားနာခြင်း၊ စာမတတ်ခြင်းနှင့် မသိနားမလည်ခြင်းတို့ အပေါ် အခွင့်ကောင်းယူ၍ ဗုဒ္ဓဘာသာဝင်ဦးရေ တိုးပွားအောင်လည်း မကြိုးပမ်းပါ။ ဗုဒ္ဓမြတ်စွာဘုရားသည် သူ့အား ဆည်းကပ်ကိုးကွယ်ရန် ဆန္ဒပြုသူတို့ကိုပင်လျှင် သင်ပြချက်များကို လက်ခံယူဖို့ အရင်စလို မပြုကြရန် ဩဝါဒ ပေးတော်မူသည်။ သူ၏ တရားတော်များကို သေသေချာချာ စဉ်းစားဆင်ခြင်၍ ထိုတရားတော်များကို သူတို့ လက်တွေ့ ကျင့်သုံးနိုင်သည်၊ သို့မဟုတ် မကျင့်သုံးနိုင်သည်ကို သူတို့ကိုယ်တိုင် ဆုံးဖြတ်ကြရန် မြတ်စွာဘုရား တိုက်တွန်းတော်မူသည်။

Buddhism teaches that mere belief or outward rituals are insufficient for attaining wisdom and perfection. In this sense, outward conversion becomes meaningless. To promote Buddhism by force would mean pretending to propagate justice and love by means of oppression and injustice. It is of no importance to a follower of the Buddha whether a person calls himself a Buddhist or not. Buddhists know that only through man's own understanding and exertion will they come nearer to the goal preached by the Buddha.

ဗုဒ္ဓဝါဒက သင်ပြပေးသောအချက်မှာ ယုံကြည်ရုံမျှသက်သက်ဖြင့် လည်းကောင်း၊ ပြင်ပ ဝတ်ပြုမှုဆိုင်ရာ ဓလေ့ထုံးတမ်းမျှဖြင့် လည်းကောင်း ဉာဏ်ပညာနှင့် ပြည့်စုံခြင်းတို့ကို မရရှိနိုင်ခြင်းဟူသောအချက်

http://www.dhammadownload.com



ပင် ဖြစ်၏။ ဤသဘောအရ ပြင်ပ ဘာသာ ကူးပြောင်းခြင်းသည် အဓိပ္ပာယ်မရှိပါ။ အင်အားကို သုံး၍ ဗုဒ္ဓဘာသာကို တိုးမြှင့်မည် ဆိုလျှင် ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် မတရားပြုခြင်းတို့ဖြင့် တရားမျှတမှုနှင့် မေတ္တာကို ဖြန့်ချိဖို့ ဟန်ဆောင်ရာရောက်သွားလိမ့်မည်။ ဗုဒ္ဓမြတ်စွာ၏ တပည့်တစ်ယောက်အတွက် ပုဂ္ဂိုလ်တစ်ဦးက သူ့ကိုယ်သူ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟု ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ အရေးမကြီးပါ။ လူတစ်ယောက်၏ ကိုယ်ပိုင်နားလည်မှုနှင့် ကြိုးပမ်းမှုဖြင့် သာလျှင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် ပန်းတိုင်သို့ သူ ပို၍ နီးကပ်လာနိုင်သည်ကို ဗုဒ္ဓဘာသာဝင်တို့ သိကြပါသည်။

Amongst the followers of every religion are some fanatics. Religious fanaticism is dangerous. A fanatic is incapable of guiding himself by reason or even by the scientific principles of observation and analysis. According to the Buddha, a Buddhist must be a free man with an open mind and must not be subservient to anyone for his spiritual development. He seeks refuge in the Buddha by accepting Him as a source of supreme guidance and inspiration. He seeks refuge in the Buddha, not blindly, but with understanding.

ဘာသာတရားတိုင်း၏ နောက်လိုက်တပည့်များတွင် ဘာသာရေး အယူသည်းသူ အချို့ ရှိသည်။ ဘာသာရေး အယူသည်းမှုသည် အန္တရာယ်ရှိ၏။ အရူးအမူးဖြစ်နေသူတစ်ဦးသည် အကြောင်းတရားများဖြင့်လည်းကောင်း၊ ကြည့်ရှုလေ့လာခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း ဟူ

http://www.dhammadownload.com



သော သိပ္ပံသဘောတရားများဖြင့်လည်းကောင်း သူ့ကိုယ်သူ လမ်းညွှန်နိုင်စွမ်း မရှိချေ။ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်အရ၊ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ပွင့်လင်းသော သဘောထားဖြင့် လွတ်လပ်သူတစ်ဦးဖြစ်ရမည်။ သူသည် သူ၏ စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျေးကျွန်သဖွယ် အလွန်အကျွံ အရိုအသေပေးနေစရာ မလိုချေ။ သူသည် မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ခြင်းမှာ မြတ်စွာဘုရားကို အထွတ်အထိပ်ဖြစ်သော လမ်းညွှန်မှုနှင့် စိတ်အားထက်သန်မှုကို ဖြစ်စေသော မူလအကြောင်းတရားအဖြစ် လက်ခံခြင်းကြောင့် ဖြစ်၏။ သူသည် ဗုဒ္ဓမြတ်စွာကို မျက်ကန်းကိုးကွယ်ခြင်း မဟုတ်ဘဲ နားလည်မှုဖြင့် ဆည်းကပ်ကိုးကွယ်ခြင်း ဖြစ်သည်။

To Buddhists, the Buddha is not a saviour nor is He an anthropomorphic being who claims to possess the power of washing away others' sins. Buddhists regard the Buddha as a Teacher who shows the Path to salvation.

ဗုဒ္ဓဘာသာဝင်များအဖို့ မြတ်စွာဘုရားသည် ကယ်တင်ရှင်တစ်ဦးလည်း မဟုတ်၊ သူတစ်ပါးတို့၏ အပြစ်များကို ဆေးကြောပေးနိုင်သော တန်ခိုးကို ပိုင်ဆိုင်သည်ဟု မိန့်ဆိုသည့် လူသားနှင့် သဏ္ဌာန်တူသော သတ္တဝါတစ်ဦးလည်း မဟုတ်ချေ။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓမြတ်စွာဘုရားကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သော လမ်းစဉ်ကို ညွှန်ပြပေးသည့် ဆရာတစ်ဆူအဖြစ် မှတ်ယူကြသည်။

Buddhism has always supported the freedom and progress of mankind. Buddhism has always stood for the advancement of knowledge and freedom

http://www.dhammadownload.com



for humanity in every sphere of life. There is nothing in the Buddha's Teaching that has to be withdrawn in the face of modern, scientific inventions and knowledge. The more new things that scientists discover, the closer they come to the Buddha.

ဗုဒ္ဓဘာသာသည် လူသားတို့၏ လွတ်လပ်မှုနှင့် တိုးတက်မှုကို အစဉ်အမြဲ အထောက်အကူပြုခဲ့၏။ ဗုဒ္ဓဝါဒသည် အသိပညာတိုးတက်မှုနှင့် ဘဝ၏ နယ်ပယ်အားလုံး၌ လူသားတို့၏ လွတ်လပ်မှုကို ကိုယ်စားပြုခဲ့၏။ ခေတ်သစ် သိပ္ပံတီထွင်မှုများနှင့် သိပ္ပံအသိပညာနှင့် ရင်ဆိုင်ရသည့်အတွက် ဗုဒ္ဓတရားတော်မှ နုတ်သိမ်းရသော အကြောင်းအရာ ဟူသည် အလျဉ်းမရှိပါ။ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိသော သစ်ဆန်းသည့်အရာများ ပိုမိုများပြားလာလေလေ ဗုဒ္ဓမြတ်စွာထံပါးသို့ သူတို့ပို၍ နီးကပ်လာလေလေဖြစ်၏။

The Buddha emancipated man from the thraldom of religion. He also released man from the monopoly and the tyranny of the priestcraft. It was the Buddha who first advised man to exercise his reason and not to allow himself to be driven meekly like dumb cattle, following the dogma of religion. The Buddha stood for rationalism, democracy and practical, ethical conduct in religion. He introduced this religion for people to practise with human dignity.

ဗုဒ္ဓမြတ်စွာဘုရားသည် လူကို ဘာသာတရား၏ ကျေးကျွန်

http://www.dhammadownload.com



အဖြစ်မှ လွတ်မြောက်စေသူဖြစ်၏။ ဘုန်းတော်ကြီး သို့မဟုတ် ယဇ်ပုဏ္ဏားဆရာတို့၏ လက်ဝါးကြီးအုပ်ခြင်းနှင့် မတရားဖိနှိပ်ချုပ်ချယ်ခြင်းတို့မှ လူကို လွတ်မြောက်စေသူလည်း ဖြစ်၏။ လူတို့အား သူ၏ ဆင်ခြင်တတ်သော ဉာဏ်ကို အသုံးပြုရန်နှင့် ဘာသာတရား၏ တရားသေအယူဝါဒကို လိုက်နာလျက် ဆွံ့အ သည့် ကျွဲနွားများကဲ့သို့ အောက်ကျို့ကာ မောင်းနှင်ခံရခြင်းကို မိမိအား ခွင့်မပြု လက်မခံရန်တို့ကို လူတို့အား ပထမဦးဆုံး သြဝါဒပေးခဲ့သူမှာလည်း ဗုဒ္ဓမြတ်စွာဘုရားပင် ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ဘာသာရေး၌ ဆင်ခြင်တုံတရားဝါဒ၊ ဒီမိုကရေစီနှင့် လက်တွေ့ကျသည့် လူ့ကျင့်ဝတ်နှင့်ဆိုင်သော အပြုအမူတို့ကို ကိုယ်စားပြုသည်။ သူသည် လူအပေါင်းတို့အား လူ့ဂုဏ်သိက္ခာနှင့် အညီ လေ့ကျင့်နိုင်ရန်အတွက် ဤဘာသာတရားကို တည်ထောင်ပေးတော်မူခဲ့ခြင်း ဖြစ်၏။

The followers of the Buddha were advised not to believe anything without considering it properly. In the *Kalama Sutta*, the Buddha gave the following guidelines to a group of young people:-

> 'Do not accept anything based upon mere reports, traditions or hearsay,
> Nor upon the authority of religious texts,
> Nor upon mere reasons and arguments,
> Nor upon one's own inference,
> Nor upon anything which appears to be true,
> Nor upon one's own speculative opinions,
> Nor upon another's seeming ability,

http://www.dhammadownload.com



Nor upon the consideration:

'This is our Teacher.'

ဗုဒ္ဓမြတ်စွာ၏ တပည့်သားများအား မည်သည့်အရာကိုမဆို သေသေချာချာ ဆင်ခြင်သုံးသပ်ခြင်း မပြုဘဲ မယုံကြည်ရန် သြဝါဒ ပေးထားသည်။ ကာလမ သုတ္တန်၌ လူငယ်တစ်စုတို့အား အောက်ပါ လမ်းညွှန်ချက်များကို ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူခဲ့သည်–

"သတင်းစကား ကြားရုံမျှဖြင့်လည်းကောင်း၊
အစဉ်အဆက်စကားမျှဖြင့်လည်းကောင်း၊ သို့မဟုတ်
ဤသို့ဖြစ်ဖူးသတတ်ဟူသော စကားမျှဖြင့်လည်းကောင်း၊
မည်သည့်အရာကိုမျှ (ဟုတ်ပြီ မှန်ပြီဟု) လက်မခံပါနှင့်။
ဘာသာရေး ကျမ်းဂန်များနှင့် ညီညွတ်ပေသည် ဟူ၍လည်း
လက်မခံပါနှင့်၊
အကြောင်းအကျိုး ညီညွတ်ရုံမျှဖြင့် ဆွေးနွေးငြင်းခုံရုံမျှဖြင့်
လည်း (ဟုတ်ပြီ မှန်ပြီဟု) လက်မခံပါနှင့်။
မိမိကိုယ်တိုင် ကောက်ချက်ချပြီးတော့လည်း မယူပါနှင့်။
မှန်လှပြီဟု ထင်ရကာမျှဖြင့်လည်း လက်မခံပါနှင့်ဦး။
မိမိကိုယ်တိုင် ကြံစည်မှန်းဆထင်မြင်ပြီးတော့လည်း မယူပါနှင့်။
အခြားသူတစ်ဦး၏ ထင်မြင်ရသော စွမ်းရည်သတ္တိဖြင့်လည်း
လက်မခံပါနှင့်ဦး။
ငါတို့ဆရာဖြစ်ပေသည်ဟု ဆင်ခြင်စဉ်းစားပြီးတော့လည်း
လက်မခံပါနှင့်ဦး။

'But, when you know for yourselves that certain things are unwholesome and bad: tending to harm yourself or others, reject them.

http://www.dhammadownload.com



'And when you know for yourselves that certain things are wholesome and good: conducive to the spiritual welfare of yourself as well as others, accept and follow them.'

"သို့သော် အချို့သော တရားတို့သည် မကောင်းသော အကုသိုလ် တရားတို့တည်း၊ သင်ကိုယ်တိုင်နှင့် သူတစ်ပါးတို့အား ထိခိုက်နစ်နာစေတတ်သော တရားတို့တည်းဟု သင်ကိုယ်တိုင် သိမြင်လာသောအခါ ထိုတရားတို့ကို ပယ်ပါလော့။

"ထို့နောက် အချို့သော တရားတို့သည် ကောင်းမွန်သော ကုသိုလ် တရားတို့တည်း၊ သင်ကိုယ်တိုင်နှင့် သူတစ်ပါးတို့အား စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးချမ်းသာများကို ဖြစ်ထွန်းစေနိုင်၏ဟု သင်ကိုယ်တိုင် သိမြင်လာသောအခါ ထိုတရားတို့ကို လက်ခံ၍ လိုက်နာပါလော့။"

Buddhists are advised to accept religious practices only after careful observation and analysis, and only after being certain that the method agrees with reason and is conducive to the good of one and all.

ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာရေးကျင့်စဉ်များကို သေချာကျနစွာ ကြည့်ရှုစစ်ဆေးပြီး ခွဲခြမ်းစိတ်ဖြာပြီး၍ အကြောင်းအကျိုးနှင့် ကိုက်ညီသည့် လူတစ်ဦးစီနှင့် လူအားလုံးအား ကောင်းကျိုးပေးနိုင်သည်ဟု သေချာစွာ သိပြီးမှသာလျှင် ထိုဘာသာရေး ကျင့်စဉ်ကို လက်ခံကျင့်သုံးရန် ညွှန်ကြားထားပေ၏။

http://www.dhammadownload.com



A true Buddhist does not depend on external powers for his salvation. Nor does he expect to get rid of miseries through the intervention of some unknown power. He must try to eradicate all his mental impurities to find eternal Happiness. The Buddha says, 'If anyone were to speak ill of me, my teaching and my disciples, do not be upset or perturbed, for this kind of reaction will only cause you harm.

မှန်ကန်သော ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သူ၏ အပါယ်ဘေးမှ လွတ်မြောက်ခြင်း၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းတို့အတွက် ပြင်ပစွမ်းအားများကို အားမကိုးပါ။ မသိမမြင်ရသော စွမ်းအား တစ်စုံတစ်ခုက ဝင်ရောက်ကူညီမှ ဆင်းရဲဒုက္ခများကို ပယ်သတ်နိုင်သည်ဟူ၍လည်း သူ မမျှော်လင့်ပါ။ ထာဝရငြိမ်းအေးချမ်းသာခြင်းကို တွေ့မြင်ရန်အတွက် သူ၏ စိတ်အညစ်အကြေးအားလုံးကို ဖယ်ရှင်းနိုင်အောင် သူ ကြိုးစားရမည်။ ဗုဒ္ဓမြတ်စွာဘုရား မိန့်မှာတော်မူသည်မှာ – တစ်စုံတစ်ယောက်သော သူက ငါဘုရားကို ဖြစ်စေ၊ ငါ၏ တရားတော်ကို ဖြစ်စေ၊ ငါ၏ တပည့်သား သံဃာတော်ကိုဖြစ်စေ မကောင်းကြောင်း ဝေဖန်ပြောဆိုလျှင် စိတ်မကောင်းမဖြစ်ပါနှင့်၊ စိတ်အနှောင့်အယှက် မဖြစ်ပါနှင့်၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ တုံ့ပြန်ခြင်းသည် သင့်ကိုသာ ထိခိုက်နစ်နာစေမည် ဖြစ်သောကြောင့်တည်း။

On the other hand, if anyone were to speak well of me, my teaching and my disciples, do not be overjoyed, thrilled or elated, for this kind of reaction will

http://www.dhammadownload.com



only be an obstacle in forming a correct judgement. If you are elated, you cannot judge whether the qualities praised are real and actually found in us.' *(Brahma Jala Sutta)* Such is the unbiased attitude of a genuine Buddhist.

"ဆန့်ကျင်ဘက်အနေဖြင့် အကယ်၍ တစ်စုံတစ်ယောက်သောသူက ငါဘုရားကိုဖြစ်စေ၊ ငါ၏ တရားတော်ကိုဖြစ်စေ၊ ငါ၏ တပည့်သားသံဃာတော်ကို ဖြစ်စေ ချီးမွမ်း၍ ပြောဆိုလျှင် အလွန်အကျွံ ဝမ်းမြောက်ပီတိ မဖြစ်ပါနှင့်၊ သို့မဟုတ် စိတ်အားတက်ကြွခြင်း မဖြစ်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ဤသို့ တုံ့ပြန်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက် ချရန် အဟန့်အတားဖြစ်စေမည် ဖြစ်သောကြောင့်တည်း။ အကယ်၍ သင်သည် ပီတိဝမ်းမြောက်မှုနှင့် ကြွတက်နေမည်ဆိုလျှင် ထိုသူ ချီးမွမ်းသော အရည်အသွေးများသည် စစ်မှန်ပြီး ကျွန်ုပ်တို့၌ တကယ်ပင် ရှိသည်,မရှိသည်ကို သင် ဆုံးဖြတ်နိုင်တော့မည် မဟုတ်ပါ။"

(ဗြဟ္မဇာလ သုတ္တန်)

စစ်မှန်သော ဗုဒ္ဓဘာသာဝင် တစ်ဦး၏ ဘက်မလိုက်သော သဘောထားသည် ဤသို့ပင်တည်း။

The Buddha had upheld the highest degree of freedom not only in its human essence but also in its divine qualities. It is a freedom that does not deprive man of his dignity. It is a freedom that releases one from slavery to dogmas and dictatorial religious laws or religious punishments.

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာသည် လွတ်လပ်မှုအမြင့်ဆုံးအဆင့်ကို ၎င်း၏ လူ့အနှစ်သာရဉာဏ်သာမက ၎င်း၏အလွန်မွန်မြတ်သော အရည်အသွေးများဖြင့်ပါ ထောက်ခံအားပေးတော်မူခဲ့သည်။ ဤလွတ်လပ်မှုသည် လူသားအား သူ၏ ဂုဏ်သိက္ခာကို အဆုံးအရှုံးမခံရစေသော လွတ်လပ်မှုဖြစ်၏။ ဤလွတ်လပ်မှုသည် လူတစ်ယောက်ကို တရားသေအယူဝါဒများနှင့် အာဏာရှင်ဆန်သော ဘာသာရေးဥပဒေများ သို့မဟုတ် ဘာသာရေး အပြစ်ဒဏ်များ၏ ကျွန်အဖြစ်မှ လွတ်မြောက်စေသော လွတ်လပ်မှုဖြစ်သည်။

ဒေါက်တာ မင်းထင်မွန်
၁၃–၁၀–၉၇

http://www.dhammadownload.com

# ဒေါက်တာမင်းတင်မွန်၏ စာအုပ်ရတနာများ

၁။ မြတ်ဗုဒ္ဓ

၂။ မြတ်ဓမ္မ

၃။ မြတ်သံဃာ

၄။ မြတ်သရဏဂုံ

၅။ ဘဝအောင်မြင်ရေးသို့ ရှေးရှုကြ

၆။ ဘဝချမ်းသာရေး

၇။ ဘဝလမ်းနှစ်သွယ်

၈။ ဖားအောက်တောရ မိတ်ဆက်

၉။ လိမ္မာယဉ်ကျေး တို့ရင်သွေး

၁၀။ မြတ်ဒါန

၁၁။ မြတ်သီလ

၁၂။ မြတ်ဘာဝနာ

၁၃။ မေတ္တာနှင့်သစ္စာအဖွင့်

၁၄။ မေတ္တာနှင့်သစ္စာသရုပ်ဖော်

၁၅။ ဆေးမကုဘဲ ငြိမ်းအေးနည်း

၁၆။ ဝိပဿနာဂုဏ်ထူးဆောင် တော်ကူးဆရာတော်

၁၇။ တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား

၁၈။ ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ

၁၉။ အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင် (၁)

၂၀။ အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင် (၂)

၂၁။ ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်

၂၂။ တက္ကသိုလ်အဘိဓမ္မာ အတွဲ ၁၊ ၂၊ ၃၊ (ပေါင်းချုပ်)

http://www.dhammadownload.com

၂၃။ ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ (အိတ်ဆောင်)

၂၄။ တော်ကူးကျင့်စဉ်တရား (အိတ်ဆောင်)

၂၅။ သပြေကန်ဆရာတော်ဘုရားကြီး

၂၆။ ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်
The Aim & Way of Life.

၂၇။ ဘဝကိစ္စနှင့် ဘဝပန်းတိုင်
The Purpose and the Goal of Life.

၂၈။ ဗုဒ္ဓဘာသာ စာရိတ္တပညာနှင့် ကျင့်ဝတ်များ
Buddhist Ethics and Duites.

၂၉။ ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ
Buddhism in Modern Life.

၃၀။ သိပ္ပံနယ်လွန်ဗုဒ္ဓဘာသာ
Supreme Science of the Buddha.

၃၁။ ခေတ်အမြင်နှင့် သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း
Buddhism in Nutshell.

၃၂။ လိုရင်းအနှစ်တရား ဗုဒ္ဓစကားတော်
The Word of the Buddha.

၃၃။ ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း
How to Live Without Fear and Worry I.

၃၄။ သောက ဒေါသ အတ္တ ဘဝ အခက်အခဲဟူသမျှ ကျော်လွှားအံ့
How to Live Without Fear and Worry II.

၃၅။ ဘဝလွတ်မြောက်ရေးနှင့် အရိယသစ္စာ

၃၆။ ESSENCE OF THE BUDDHA ABHIDHAMMA

၃၇။ အကောင်းဆုံး ဘဝလမ်းညွှန်မှု

http://www.dhammadownload.com

၃၈။ သမထနှင့် ဝိပဿနာတို့တွင် အောင်မြင်ပေါက်မြောက်ခြင်း
၃၉။ မှန်ကန်သောဘာဝအလင်း၊ အသက်ရှင်ခြင်းနှင့် သေခြင်း
၄၀။ GOOD ENGLISH
၄၁။ GOOD LETTERS
၄၂။ POCKET BEST SPEAKING *medium size*
၄၃။ BEST BASIC SPEAKING *small size*
၄၄။ GOOD SPEAKING
၄၅။ GOOD ESSAYS
၄၆။ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာအလင်းပြ (သင်ရိုးကုန်)
၄၇။ တက္ကသိုလ်ဝင်တန်း ဓာတုဗေဒအလင်းပြ (သင်ရိုးကုန်)
၄၈။ တက္ကသိုလ်ဝင်တန်း အောင်ပွဲဝင်ဓာတုဗေဒ (မှတ်စု)